# တဏှာ

## ရှင်းတမ်း

**ဓမ္မဝိပဿိရီ**

စာမူခွင့်ပြုချက်အမှတ် - ၄၃/၉၆(၁၁)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၇/၉၆(၁၂)
ပဌမအကြိမ် - ဖေဖော်ဝါရီလ၊ ၁၉၉၇
အုပ်ရေ - ၁၀၀၀
တန်ဖိုး - ၆၀ ကျပ်
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးမြင့်ဝင်းမောင်
အေဇက်အော့ဖ်ဆက်(၀၄၅၀၄)
အမှတ်(၁၁၈)၊ ၄ လမ်း၊ ပုသိမ်မြေရပ်
ကွက်၊ ဒေါပုံ။
ထုတ်ဝေသူ -ဦးရဲမြင့်
တက်လမ်းစာပေ
အမှတ်(၉၆၇)၊ ပဒေသာရပ်၊
အင်းစိန်။
ဖြန့်ချိရေး -အေဇက်စာပေအိမ်
၁၇၀/၁၊ ၃၅လမ်း(အလယ်)၊
ကျောက်တံတားမြို့နယ်၊
ရန်ကုန်။ဖုန်း ၀၁-၂၈၀၃၇၁။

# တဏှာရှင်းတမ်း

ကိုယ်တိုင်သိ

သည်က ဒကာလေးက အရှေ့တိုင်းပညာရပ်မှာ မဟာဝိဇ္ဇာဘွဲ့ယူဖို့ ဗုဒ္ဓရဲ့ဒဿနတွေကို ‌လေ့လာ သင်ကြားနေရတာဆိုတော့ တခြားသူတွေထက်ပိုပြီး အကျိုး ရစရာ ရှိပါတယ်။

ဘာ့ကြောင့်လဲဆိုတော့ မင်း-သင်ကြားနေရတဲ့ ဗုဒ္ဓဒဿနဘာသာရပ်နဲ့ ပတ်သက်ပြီး စဉ်းစားစရာ အများကြီးကို တို့ဆီက ရသွားမှာကြောင့် ဖြစ်တယ်။ သူများတွေက ဘဝရေးရာလောက်သာ အကျိုး အမြတ် ရစရာ ရှိပေမယ့် မင်းအနေနဲ့ကတော့ ဘဝရေးရာ အကျိုးအမြတ်လောက်သာမက ကိုယ်လေ့လာသင်ကြားနေတဲ့ ဘာသာရပ်ပိုင်းဆိုင်ရာ အကျိုးအမြတ်တွေကိုလည်း ရရှိသွားမှာကြောင့် ဖြစ်တယ်။

တကယ်ကျတော့ ဗုဒ္ဓဘာသာဟာ ထွန်းကားလှတယ် ဆိုပေမဲ့ အရာတည်ကလေးလောက်ပဲလို့ ပြောချင်တယ်။ ဘာကြောင့် အရာတည်ကလေးလောက်-လို့ ပြောရသလဲဆိုတော့ ဗုဒ္ဓရဲ့ စကားလုံးတွေရဲ့ အနက်အဓိပ္ပါယ်တွေကို ကိုယ်တိုင်သိသူ ရှားပါးလွန်းလှလို့ပဲ ဖြစ်တယ်။ မရှိသလောက် ရှားပါးလွန်းလှလို့ပဲ ဖြစ်တယ်။

သည်စကားတွေက သိပ်လွန်နေသလိုတော့ ဖြစ်နေမှာပေါ့။ ဒါပေမဲ့ ဗုဒ္ဓဒဿနထဲက စကားလုံးတွေကို စာပေကျမ်းဂန်က အလွတ်၊ ကိုယ့်အိမ်ကိုယ့်ယာထဲမှာရှိတဲ့ ပစ္စည်းတစ်ခုရဲ့ အနက်အဓိပ္ပါယ်ကို ပြော

သလိုမျိုး၊ ကိုယ့်ဖာသာ သိ,ထင်,မြင်ပြီး ပြောနိုင်တဲ့သူက မရှိသလောက် ဆိုတော့ သိပ်လွန်တယ်လို့လည်း မပြောထိုက်ဘူးပေါ့။ တို့ကတော့ ခုနကပြောဆိုစကားနဲ့ ဆန့်ကျင်ဖက်ပဲ ဖြစ်တယ်။တို့ စကားပြောတာက တော့ တို့ကိုယ်တိုင် သိ၊ ထင်၊ မြင်ပြီးမှ စကားပြောတာ ဖြစ်တယ်။ ဒါကြောင့် တို့ပြောဆိုချက်ဟာ မင်း သင်ကြားနေရတဲ့ အရှေ့တိုင်းပညာရပ်မှာ အဖိုးတန် ဖြစ်စရာရှိတယ်-လို့ ပြောခဲ့တာ ဖြစ်တယ်။

ဘာဖြစ်လို့လည်းဆိုလျှင် အရှေ့တိုင်းပညာရပ်ပိုင်းဆိုင်ရာ ပါဠိတွေ၊ သက္ကတတွေကထွက်လာတဲ့ စကားတွေရဲ့အနက်ကို ရှာချင်လျှင် အခက်အခဲတွေ တွေ့ရမှာမို့ဖြစ်တယ်။ဟိုစာအုပ် သည်စာအုပ်။ ဟိုကျမ်းဂန် သည်ကျမ်းဂန်။ စုံတကာစေ့နေအောင် လှန်လှောရှာဖွေနေပေမည့်လည်း မင်းအတွက်တော့ ကျေနပ်ပြီဆိုတဲ့ အဖြစ်မျိုး ဘယ်တော့မှ မရောက်အောင်ကို အခက်အခဲတွေ့ရလိမ့်မယ်-လို့ တို့ပြောချင်တယ်။

တို့ကတော့ ဗုဒ္ဓဒေသနထဲက စကားလုံးတွေကို သာမန်အရပ်သုံးစကားလုံးတွေလို တစ်တစ်ခွခွ ပြောနေသူဖြစ်တဲ့အတွက် အထောက်အကူ ဖြစ်လိမ့်မယ်-လို့ ပြောရတာ ဖြစ်တယ်။

နိဗ္ဗာန်, မဂ်, ဖိုလ်အကြောင်း မတောင်းဆိုထိုက်ဘူး

ဗုဒ္ဓဒေသနထဲက စကားလုံးအနက်တွေကို တကယ်လည်း မသိတတ်ကြပါဘူး။ သည်အကြောင်းအရာလေး ပေါ်လွင်အောင် နည်းနည်းပြောပါ့မယ်။ စကားလုံး အနက်အဓိပ္ပါယ်ကို မသိ,မထင်ပုံအကြောင်းပေါ့လေ။

ပြီးခဲ့တဲ့ ဇန္နဝါရီလလောက်က ပြည်မြို့ကို သွားတယ်။ မအားဘူး ဆိုတဲ့ကြားက မလာလျှင်မဖြစ်ဘူး-ဆိုပြီး အတင်းဖိတ်တာနဲ့ သွားလိုက် ရပါတယ်။ဟိုရောက်သွားတော့လည်း သူတို့ပင့်တာ ဟုတ်နေပါတယ်။ ကိုယ့်ဓမ္မကို နာဖူး,ကြားဖူးတဲ့ အသိုင်းအဝိုင်းကပင့်တာ မဟုတ်ဘဲ လုံးဝ မနာရဖူးသေးတဲ့ အသိုင်းအဝိုင်းက တရားကြိုးခွေကြားရတာကတဆင့် တွေ့ချင်လို့ ပင့်လိုက်တာ ဖြစ်နေပါတယ်။

အဲသည်ပရိသတ်ထဲမှာ အတော် တရားသက်ရှည်ပြီး သည်က နေ့ထွန်းကားနေတဲ့ ပရမတ္ထသစ္စာကို နှစ်ရှည်လမျှား အားထုတ်ပြီး၊ ဟော ပြော ခေါင်းဆောင်နေတဲ့ပုဂ္ဂိုလ်ကြီး လေးငါးယောက်နဲ့ တစ်နံနက်ခင်းလုံး စကားပြောခဲ့ရတယ်။

သူတို့က ဘာပြောသလဲဆိုလျှင် နိဗ္ဗာန်အကြောင်း၊ မဂ်,ဖိုလ်အ ကြောင်းနဲ့ စပ်ပြီး၊ အနက်အဓိပ္ပါယ် အရကောက်စကား ကြားချင်နာချင် ပါတယ်-လို့တောင်းဆိုကြတယ်။

သည်လို တောင်းဆိုတဲ့အခါမှာ-

'နိဗ္ဗာန်အကြောင်း၊မဂ်,ဖိုလ်အကြောင်း အရကောက်ချင်ပါတယ်' လို့ ခင်ဗျားတို့ မတောင်းဆိုကြပါနဲ့.'-လို့ တို့ကလည်းပြန်ပြောလိုက်တယ်။ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ တောင်းဆိုတဲ့ နိဗ္ဗာန်အကြောင်းကို ကျုပ်က သိချင်မှ သိမှာ။ တကယ်လို့ သိတယ်ဆိုလျှင်တောင်မှ ခင်ဗျားတို့ ကလည်း ကျုပ်ပြောတဲ့နိဗ္ဗာန် ရဖူးချင်မှ ရဖူးကြမှာပါ။ ကျုပ်-ရလို့ သိနေ ပေမယ့် ခင်ဗျားတို့က မရကြလို့ မသိကြဘူးဆိုလျှင် ကျုပ်ပြောလည်း ခင်ဗျားတို့ သိကြမယ်မဟုတ်ဘူး'။

'သည်တော့ 'ဟုတ်ပါရဲ့၊ ဟုတ်ပါရဲ့'လို့ ရေလိုက်ငါးလိုက်ပြောရတာမျိုးလောက်ပဲ ဖြစ်နေလိမ့်မယ်။ တကယ့်ကို သိမြင်ပြီးမှပြောတဲ့ ဟုတ်ပါရဲ့မျိုး ဖြစ်နေမှာ မဟုတ်ဘူး။ ဒါကြောင့် ခင်ဗျားတို့အနေနဲ့ နိဗ္ဗာန်,မဂ်, ဖိုလ်တို့အကြောင်းကို မတောင်းဆိုထိုက်ဘူး'-လို့ သည်လိုပဲ တို့လည်း ပြန်ရှင်းပြလိုက်တယ်။

တဏှာအကြောင်း

'နိဗ္ဗာန်အကြောင်း၊ မဂ်,ဖိုလ်အကြောင်း မတောင်းဆိုထိုက်ဘူးဆိုလျှင် ဘာကို တောင်းဆိုထိုက်သလဲဆိုတော့ ခင်ဗျားတို့လည်း ရဖူး, ရောက်ဖူးပြီး ကျုပ်ကိုယ်တိုင်လည်း ရဖူး,ရောက်ဖူးတဲ့အရာ တစ်ခုဖြစ်တဲ့ 'တဏှာရာဂ'အကြောင်းမျိုးကိုပဲ တောင်းဆိုထိုက်တယ်။

'တဏှာရာဂ'-ဆိုတာ ဘယ်လိုအရာမျိုးလဲ? ဘာလဲ? ဆိုတာကိုသာ မေးမြန်းဖို့ကောင်းတယ်'-လို့ ပြောလိုက်တယ်။

'ဟာ-ဘုန်းကြီးကလည်း တဏှာရာဂဆိုတာ ဘာလုပ်ရမှာတုန်း' လို့ ပြန်ပြောကြတယ်။

သည်တော့လည်း ထပ်ပြီး ရှင်းပြရပြန်တာပေါ့။

'တဏှာရာဂဆိုတာ-

နံပတ်တစ်က ပြောလို့ဆိုလို့ လွယ်ကူတယ်။

နံပတ်နှစ်က ကျုပ်ကပြောလိုက်ဆိုလိုက်လျှင် ခင်ဗျားတို့ကလည်း ကိုယ်တိုင်ရဖူး,ရောက်ဖူးတာ ဖြစ်တဲ့အတွက် သိလွယ်မြင်လွယ်တယ်။ ဒါကြောင့် စကားပြောတဲ့အခါမှာ ပြောလိုက်တဲ့အတိုင်းသိနိုင်တာမို့ အကျိုးရတယ်။

နောက်တစ်ခါ တဏှာရာဂအကြောင်း သိသွားလျှင် နိဗ္ဗာန်ရောက်တာပဲ’-လို့ ပြောလိုက်ပါတယ်။ နိဗ္ဗာန်သိမှ နိဗ္ဗာန်ရောက်တာ မဟုတ်ပါဘူး။ တဏှာကိုသိလည်း နိဗ္ဗာန်ရောက်ပါတယ်’-လို့ ပြောလိုက်တယ်။

‘နိဗ္ဗာန်ရောက်တယ်ဆိုတာ တဏှာကင်းပြတ်ပြီးမှ ရောက်တာဖြစ်ပါတယ်။ တဏှာကင်းတယ်ဆိုတာကလည်း တဏှာကို ပယ်သတ်နိုင်မှ ကင်းပြတ်မှာ ဖြစ်ပါတယ်။ တဏှာကို ပယ်သတ်နိုင်ဖို့အတွက် တဏှာကိုသိမှ ပယ်သတ်နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် တဏှာကိုသိလျှင် တဏှာဟာ သေပါတယ်။ ဒါကြောင့် နိဗ္ဗာန်ရောက်ပါတယ်။တဏှာသိတာဟာ နိဗ္ဗာန်ရောက်အထိ ပြီပြီသသ အကျိုးရှိပါတယ်’။

‘ဒါကြောင့် နိဗ္ဗာန်ဆိုတဲ့ အရှည်အဝေးကြီးကို မေးမြန်းမည့်အစား၊ သူလည်းသိ ကိုယ်လည်းသိနေကြတဲ့ တဏှာရဲ့အကြောင်းကိုသာ မေးမြန်းဖို့ကောင်းတယ်’-လို့ ရှင်းပြလိုက်ပါတယ်။

သည်လိုဆိုတော့ သူတို့ကလည်း တဏှာအကြောင်း ပြောဖို့ဆိုဖို့ စိတ်ဝင်စားသလို ဖြစ်လာကြပြန်တာပေါ့။

### တဏှာအရကောက်

တချိန်က ‘တဏှာ’ဆိုတာ ပြောဖို့ဆိုဖို့ မကောင်းတဲ့အရာ၊ အယုတ္တအနတ္တပစ္စည်းလို ဖြစ်နေကြတယ်။ အခုတော့ ‘တဏှာသိတာဟာ နိဗ္ဗာန်ရောက်သည်အထိ အကျိုးဖြစ်နိုင်တယ်’-လို့လည်း ပြောလိုက်ရော စိတ်ဝင်စားပုံ ပြလာကြပါတယ်။

'ကဲ- တဏှာဆိုတာဘာလဲ? အရကောက်ပြစမ်း'-လို့ သူတို့ကို ခိုင်းလိုက်ပါတယ်။ သည်လိုခိုင်းလိုက်တော့ အရကောက်ပြလိုက်ကြတာ အပြေးအလွှားပါပဲ။ ဒါပေမဲ့ သူတို့ရဲ့ အရကောက်တွေကို အခိုင်အမာ ရပ်မပြနိုင်ကြဘူး။

တို့ကလည်း သူတို့ကို ပြောလိုက်တယ်။

'ခင်ဗျားတို့ရဲ့ တဏှာအရကောက် မမှန်ရင် ကျုပ်ကကန့်ကွက်မှာ ဖြစ်တယ်။ကန့်ကွက်တဲ့အခါမှာ စည်းမဲ့ကမ်းမဲ့ ကန့်ကွက်မှာ မဟုတ်ဘူး။စည်းနဲ့ကမ်းနဲ့ စနစ်နဲ့ ကန့်ကွက်မှာ ဖြစ်တယ်'-လို့ ပြောလိုက်တယ်။

'ဘယ်လို စည်းနဲ့ကမ်းနဲ့ ကန့်ကွက်မှာလဲဆိုလျှင်-
တဏှာဆိုတာ သစ္စာအရ ဘာတုံးဆိုတော့ သမုဒယ
သစ္စာ ဖြစ်တယ်။ သမုဒယသစ္စာမှာ ဘာကိစ္စ ရှိတုန်း
ဆိုလျှင် 'ပယ်အပ်တဲ့ကိစ္စ' ရှိတယ်။ ဒါကြောင့်တဏှာ
အရကောက်ပြချက်ဟာ 'ပယ်ရမယ့်ပစ္စည်း'-ဖြစ်ရပေ
လိမ့်မယ်။'

'ပယ်ရမည့်ပစ္စည်း ဖြစ်တဲ့အတွက် 'ပယ်လို့သင့်မသင့်'-ရယ်၊ 'ပယ်လို့ဖြစ်,မဖြစ်'ရယ် ဆန်းစစ်ရလိမ့်မယ်။ ပယ်လို့မရတဲ့အရာ၊ ပယ်လို့မဖြစ်တဲ့အရာကို ပယ်ရမည့်ပစ္စည်းအဖြစ် အရကောက်နေလျှင် ဒါကို 'တဏှာမဟုတ်ဘူး'လို့ ကျုပ်က ကန့်ကွက်မှာ ဖြစ်တယ်။'

'ပယ်လိုက်လို့ ကောင်းစားလာမှာ မဟုတ်ဘဲ၊ ပယ်လိုက်တဲ့အခါမှ မဟုတ်တရုပ်တွေဖြစ်ပြီး အကျိုးနည်းမယ်-ဆိုလျှင် အဲဒါ 'တဏှာသမုဒယ မဟုတ်ဘူး'လို ကန့်ကွက်မှာ ဖြစ်တယ်။ ဒါဟာ ကျုပ်ကန့်ကွက်မယ့် နည်းစနစ်ပဲ"လို့ ပြောပြီး၊ တဏှာအရကို ကောက်ခိုင်းလိုက်တယ်။

လိုချင်တာ တဏှာလား

အဲသည်မှာ တဏှာကို မထိတရိ ကေက်ပြတာတွေ တွေ့ရတယ်။ 'လိုချင်တာ တဏှာ'ဆိုတဲ့ အရကောက်မျိုး ဖြစ်တယ်။

'လိုချင်တာ တဏှာဆိုလျှင် တဏှာဟာ ပယ်အပ်တဲ့ပစ္စည်းဆိုတဲ့အတိုင်း လိုချင်တာကိုလည်း ပယ်ရပေလိမ့်မယ်။ အခု မပယ်နိုင်သေးလို့ မပယ်ကြသေးပေမယ့် ပယ်နိုင်တဲ့အခါ ဘယ်လိုဖြစ်လာမလဲဆိုတာ ကြည့်လိုက်လျှင် သိနိုင်ပါတယ်။ ပယ်လျှင် ဘာဖြစ်လာမလဲဆိုတာ မှန်းကြည့်လို့ ရပါတယ်။ ဒါကြောင့် ခင်ဗျားတို့က တဏှာအဖြစ် အရကောက်ပြတဲ့ 'လိုချင်မှု'ကို နှုတ်ပယ်လိုက်လျှင် ကောင်းစားလာမလား? ငြိမ်းအေးလာမလား? ကြည့်ကြရအောင်'-လို့ ပြောလိုက်တယ်။

'ကောင်းစားမလာဘူး၊ ငြိမ်းအေးမလာဘူး'-ဆိုလျှင် အဲဒါ 'တဏှာမဟုတ်ဘူး'လို့ မှတ်ချက်ချရပါလိမ့်မယ်။ ကဲ-လိုချင်မှုတွေကို အကုန်အစင် နှုတ်ပယ်ကြည့်ကြရအောင်'-ဆိုပြီး ဥပမာတစ်ခုကို ဆောင်ပြလိုက်ပါတယ်။

'လယ်သမား လယ်ထွန်တယ်။ ဘာကြောင့် လယ်ထွန်သလဲ? စပါးလိုချင်လို့ လယ်ထွန်တာ ဖြစ်တယ်။ 'စပါးလိုချင်လို့' လယ်ထွန်တာဖြစ်တဲ့အတွက် 'လိုချင်မှု'ကို ပယ်လိုက်လို့ရှိလျှင် လယ်သမားဟာ လယ်ထွန်တော့မှာ မဟုတ်ဘူး။ ကောက်လည်း စိုက်တော့မှာ မဟုတ်ဘူး။ စပါးလည်း ရိတ်တော့မှာ မဟုတ်ဘူး။ သည်လိုဖြစ်ခဲ့လျှင် 'လိုချင်မှုကိုပယ်ခြင်း'-ဆိုတဲ့ အကြောင်းကြောင့် လူ့လောကကြီး ငြိမ်းချမ်းလာမလား? တကယ်တော့ အကုန်လုံး ထမင်းငတ်ကုန်ကြမှာ မဟုတ်လား? စသည်ဖြင့် ကန့်ကွက်ပြလိုက်ပါတယ်။

သည်လို စည်းစနစ်နဲ့ ကန့်ကွက်ပြလိုက်တဲ့အခါကျတော့ 'လိုချင်တာတဏှာ'ဆိုတဲ့ အရကောက်ချက်ဟာလည်း ပျက်ပြယ်သွားပြန်တယ်။

ဆာလောင်မွတ်သိပ်ပြီး လိုချင်တာ တဏှာလား

ကဲ- ကြည့်။ စကားနက်ဆိုတာ အသိရခက်နေပြီ မဟုတ်လား။ 'တဏှာရာဂ'ဆိုတာ လူတိုင်း ဖြစ်ဘူးနေကျ အရာပဲ။ သူလည်းဖြစ်၊ ကိုယ်လည်းဖြစ်၊ လူတိုင်းဖြစ်ဖူးနေတဲ့ အရာပဲ။

ဒါပေမဲ့ အဲသည် လူတိုင်းဖြစ်ဖူးနေတဲ့ တဏှာရာဂကို အရကောက်ပြပါဆိုတော့ မှန်မှန်ကန်ကန် မကောက်ပြနိုင်ကြဘူး။

'လိုချင်တာ တဏှာ'လို့ ကောက်လိုက်တော့ ပယ်ရမယ်ဆိုလျှင် လိုချင်တာတွေကို အကုန်ပယ်ရမလို ဖြစ်သွားတယ်။ လိုချင်တာတွေကို အကုန်ပယ်လိုက်တဲ့အခါတော့လည်း မြင်တဲ့အတိုင်းပဲ ငြိမ်းအေးချမ်းသာဝေးလို့ အကျိုးနည်းတာပဲ ဖြစ်လာတာပဲ မဟုတ်လား။

ဒါနဲ့ လူတစ်ယောက်ကထပြီး ဖြည့်စွက်ပြောပြန်တယ်။

'အလွန်အမင်း လိုချင်တာ၊ ဆာလောင်မွတ်သိပ်ပြီး လိုချင်တာ တဏှာ'- ဖြစ်တယ်တဲ့။

သည်လိုဆိုတော့လည်း သူ့ကို ပြန်မေးရတယ်။

'အင်မတန် နေပူနေတဲ့အခါ ခရီးသွားရလျှင် ရေကိုအင်မတန် ဆာလောင်ပါတယ်။ အင်မတန့်ကို မွတ်သိပ်ပါတယ်။ ရေကို အလွန်အမင်း သောက်ချင်ပါတယ်။ အဲဒါ တဏှာလား'- မေးလိုက်တော့၊ 'ဟုတ်တယ်၊ အဲဒါတဏှာပဲ'လို့ သူက ပြန်ဖြေတယ်'။

'ကောင်းပြီ။ အဲဒါတဏှာဆိုလျှင် ကျုပ်တို့ဘုရားကို ဘုရားမဟုတ်ဘူး-လို့ မှတ်ကြရမလို ဖြစ်သွားပြီ။ ဘာဖြစ်လို့လည်းဆိုတော့ ဘုရားဆိုတာ တဏှာကို အပြီးပယ်ထားလို့ ဘုရားဖြစ်တာ မဟုတ်လား။ ဘုရားဖြစ်ခါစ ရင့်ကျူးတဲ့ 'အနေကဇာတိ သံသာရံ'အစရှိတဲ့ ဉဒါန်းစကားမှာ တဏှာကို အပြီးအပိုင် ပယ်သတ်ပြီးကြောင်းလည်း သူကိုယ်တိုင် ဖွင့်ဟထားတာ မဟုတ်လား?'

'အဲသည် ကျုပ်တို့ဘုရားဟာ ပရိနိဗ္ဗာန်စံဝင်တဲ့လမှာ ဝမ်းတော်လားပါတယ်။ ဝမ်းတော်လားတဲ့ရောဂါနဲ့ပဲ ပရိနိဗ္ဗာန် စံတော်မူတာ ဖြစ်တယ်။ ဘုရားသျှင်ဟာ ဝမ်းတော်လားလျက်က ခရီးထွက်ခဲ့တယ်။ ဝမ်းလျှောသူ ရေဆာတတ်တာ လူတိုင်းသိပါတယ်။ ပြီးတော့လည်း သူခရီးထွက်တဲ့လက နွေရာသီမှာ ကဆုန်လ မဟုတ်လား။ ရေကို တအားဆာတာပေါ့။

'အာနန္ဒာ-ဟောသည် သရက်ပင်အောက်မှာ ဒုကုဋ်ကိုလေးထပ်ခင်း' ပြောလိုက်တယ်။ လမ်းဘေးသရက်ခြံထဲမှာ ထိုင်တယ်၊ လဲလျောင်းတယ်၊ နားမယ်ပေါ့လေ။နောက်ပြီး အာနန္ဒာကို ဆက်ပြောတယ်။ 'ရေခပ်ပေးစမ်း'-တဲ့။

'အဲသည်အချိန်မှာ အနားကချောင်းကလေးကလည်း ကုန်သည်လှည်းတွေ အများကြီး ဖြတ်မောင်းထားတဲ့အတွက် ရေက နောက်ကျိနေတယ်။ သည်တော့ အာနန္ဒာက ပြန်လျှောက်တယ်။ 'အသျှင်ဘုရား-လှည်းတွေ ဖြတ်မောင်းသွားလို့ ချောင်းရေနောက်နေပါတယ်။ ရှေ့နားရောက်မည့် ချောင်းကလေးဟာဖြင့် ရေကြည်လည်းကြည်တယ်၊ အေးလည်းအေးပါတယ်၊ဘုရား။အဲသည်ရောက်မှ မြတ်စွာဘုရားကို တပည့်

တော် ရေတိုက်ပါရစေ”လို့ ပြန်လျှောက်ပါတယ်။

ဘုရားကတော့ မရဘူး။ ‘အာနန္ဒာ- ရေပေးပါ’လို့ ထပ်ခါထပ်ခါ တောင်းတယ်။ ဒါ လူတိုင်းသိတဲ့ အဖြစ်အပျက်ပါ။ ဘုရားသျှင်ဟာ ရေကို မွတ်မွတ်သိပ်သိပ် ဆာလောင်နေပါတယ်။ တရစပ် ဆာလောင်နေပါတယ်။

‘ခင်ဗျားတို့ရဲ့ တဏှာအရကောက်အရဆိုလျှင်တော့ ဘုရား တဏှာကို အကုန်မပယ်ရသေးတဲ့အတွက် ဘုရား မဟုတ်ဘူး-လို့ ပြော ရပေလိမ့်မယ်။ ခင်ဗျားတို့ ပြောနိုင်ကြမလား၊ မပြောနိုင်ဘူး ဆိုလျှင်တော့ မွတ်မွတ်သိပ်သိပ် ဆာလောင်တာ တဏှာ’ဆိုတဲ့ ဖွင့်ဆိုချက်ကို ပြန်ပြီး ရုပ်သိမ်းပေးရလိမ့်မယ်’။

သည်လို ပြန်ပြီးကန့်ကွက်ရပါတယ်။

‘သည်တော့လည်း မွတ်မွတ်သိပ်သိပ်ဆာလောင်တာ တဏှာ- ဆိုတဲ့ အရကောက်ကို လက်လွှတ်ကြရပြန်ပါတယ်။ သူတို့ အခိုင်အမာ ရပ်မပြနိုင်ကြပဲကိုး’။

ဖိုမစိတ်ဖြစ်ပွားတာ တဏှာလား

နောက်တခါ သူတို့က ထပ်ပြောကြပြန်တယ်။

‘ကိုယ့်မယား ကိုယ်ချစ်တာ၊ ကိုယ့်မိန်းမ ကိုယ်ချစ်တာတဏှာ’- လို့ ဆိုကြပြန်တယ်။

သည်တော့လည်း အဲသည် တဏှာအရကောက် ပစ္စည်းကို ပယ် လိုက်လျှင် ဖြစ်လာမယ့်အခြေအနေကို တွက်ဆကြည့်ပြလိုက်ပြန်တယ်။

'လူတိုင်း တဏှာ ပယ်လာနိုင်တဲ့အခါမှာ ကိုယ့်မယား ကိုယ်ချစ်တဲ့စိတ် မရှိတော့ဘူးဆိုလျှင် သည်လောကကြီး ဘာဖြစ်လာမလဲ-လို့ ကြည့်ခိုင်းလိုက်ပြန်တယ်။

'တလောကလုံး ဖိုစိတ်မစိတ်မရှိတော့ဘူးဆိုလျှင် လူတွေ မျိုးပြုန်းသွားမှာအမှန်ပဲ မဟုတ်လား၊ သည်တော့ တို့ဘုရားဟာ လူတွေမျိုးပြုတ်အောင်ဟောတဲ့ဘုရား ဖြစ်နေမှာပေါ့။ဟုတ်ပါ့မလား'-လို့ မေးတဲ့အခါ 'သည်လိုလည်း ဘယ်ဟုတ်ပါ့မလဲ'-လို့ ပြန်ဖြေကြပါတယ်။

သည်လိုဆိုလျှင် ဖိုစိတ်မစိတ်ကို တဏှာလို့ အရကောက်တာလည်း မမှန်သေးဘူးပေါ့။

သည်လိုနဲ့ သူတို့တတွေ တဏှာကို အရကောက်လိုက်ကြတာ တနံနက်ခင်းလုံး ကုန်ပါလေရော။ သူတို့ကောက်ပြတဲ့ တဏှာကို တို့ကလည်း ကန့်ကွက်ငြင်းဆန်လိုက်တာ ဘယ်သူမှ တဏှာကို မှန်မှန်ကန်ကန် ကောက်မပြနိုင်ဘဲ ဖြစ်နေကြတယ်။

သူတို့ဟာ တရားသမား ဒေါင်ဒေါင်မြည်ကြီးတွေပါ။ ဘယ်လောက် ဒေါင်ဒေါင်မြည်ပေမယ့်လည်း တဏှာကို ပြီပြီပြင်ပြင် အရကောက်မပြနိုင်ကြဘူး။

တို့ပြောချင်တာက-

'ဗုဒ္ဓဒေသနမှာပါတဲ့ စကားလုံးတွေရဲ့ အနက်ကို ပြီသ
အောင် မကောက်နိုင်တတ်ကြဘူး'-လို့

ပြောချင်တာ ဖြစ်ပါတယ်။

စကားလုံးတွေရဲ့အနက်ကို ပြီသအောင် မကောက်ပြနိုင်ကြဘူး ဆိုလျှင် ဘာလုပ်လို့ရမှာလဲကွာ။

မသိတဲ့အရာကို ဘယ်လိုပယ်သတ်နိုင်မှာလဲ

'မြွေပွေးဟာ တို့အတွက် ရန်သူဆိုလျှင်၊ မြွေပွေးဆိုတာကို အပီအသ သိထားရမယ် မဟုတ်လား။ စာထဲပေထဲကအတိုင်း သိဖို့ထက် လက်တွေ့ဒိဋ္ဌသိဖို့ မကောင်းပေဖူးလား။ ကိုယ့်ရန်သူဖြစ်တဲ့ မြွေပွေးဆိုတာကို ဘယ်လိုအရာဖြစ်တယ်ဆိုတာ ပြီပြီပြင်ပြင် သိမထားဘူးဆိုလျှင် မြွေပွေးရန်ကလွတ်အောင် ဘယ်လိုလုပ်ရမလဲဆိုတာကော ဘယ်လိုသိနိုင်မလဲ။

တဏှာဟာ တို့အတွက် မြွေပွေးလို ပစ္စည်းမဟုတ်လား။ ပယ်သတ်ရမယ့်ပစ္စည်း မဟုတ်လား။ အဲသည်တဏှာကို မသိဘူးဆိုလျှင်- မသိတဲ့အရာကို ဘယ်လိုပယ်သတ်လို့ ရနိုင်မှာလဲ။ ဘယ်လိုလွတ်ကင်းအောင် လုပ်လို့ရမှာလဲ။ ဘယ်လိုလုပ်ပြီး တဏှာကင်းတဲ့ နိဗ္ဗာန်ကို ရနိုင်မလဲ၏ စကားအနက်တွေက အဲသည်လောက် အရေးကြီးတဲ့ အရာတွေပါ။

စကားအနက်တွေကို ကိုယ်တိုင်သိမြင်ပြီး ကောက်ပြနိုင်ဖို့

'မင်းကလည်း အရှေ့တိုင်းပညာရပ်ကို လေ့လာဆည်းပူးနေသူဆိုတော့ အရှေ့တိုင်းပညာရပ်ထဲမှာ ထဲမှာ 'ဗုဒ္ဓဒဿန'ဖြစ်တဲ့ သစ္စာရဲ့ အနက်ကို ရင်ဆိုင်ရမှာ ဖြစ်တယ်။ တကယ့် ဗုဒ္ဓဘာသာရဲ့ အနှစ်အသားဖြစ်တဲ့ သစ္စာတွေကို တွေ့ကြုံရမှာ ဖြစ်တယ်။

'အဲသည်လို တွေ့ကြုံရတဲ့အခါမှာ ရှေ့ဆရာ ရှေ့ဆရာတွေလို ဟိုကျမ်းညွှန်းလိုက်၊သည်ကျမ်းညွှန်းလိုက်။ဟိုစာအုပ်ထဲပါတာ ပြောလိုက်၊ သည်စာအုပ်ထဲပါတာကို ကောက်ရိုက်လိုက်နဲ့ ကျမ်းကိုးအလုပ်လုပ်ရတဲ့ ဘဝမျိုးကို ရောက်သွားနိုင်တယ်။ မှားလည်း စာအုပ်က မှားတာ။ မှန်လည်း စာအုပ်က မှန်တာ။ ကိုယ့်မှာ ဘာတာဝန်မှ မရှိဘူး။

'သည်လိုဆိုလျှင် 'ဗုဒ္ဓဒေသနာ'ကို လေ့လာတဲ့အတွက် ဘာအကျိုး များဦးမှာလဲ၊ တကယ့်ကို စမ်းတဝါးဝါး ဖြစ်နေကြရမှာ မဟုတ်လား။'

'ဒါကြောင့် တို့ဗုဒ္ဓဘာသာမှာ စကားနက်တွေကို ကိုယ်တိုင်သိ မြင်ပြီး ကောက်ပြနိုင်ဖို့ အလွန် အရေးကြီးတဲ့အကြောင်း တဏှာအရ ကောက် မပြီပြင်ပုံနဲ့ ဥပမာဆောင် ပြခဲ့တာ ဖြစ်တယ်'။

'သည်လိုနဲ့ သူတို့လည်း တဏှာကို ကျေနပ်လောက်အောင် အရ ကောက်မပြနိုင်ဘဲ ရှိနေကြတယ်။ တနံနက်လုံး ပြောလာလိုက်ကြတာ ဆယ်နာရီခွဲတဲ့အထိပါပဲ။

'ဆွမ်းစားချိန်ကျပြီမို့ ဆွမ်းစားကြဦးစို့။ ဆွမ်းစားပြီးမှ ဆက်ကြ တာပေါ့'-လို့ ဆိုပြီး၊ ရပ်ထားလိုက်တယ်။ သူတို့ကလည်း စောင့်နေကြပါ တယ်။

ဆွမ်းစားပြီးတဲ့အခါ စောင်နေကြတဲ့ သူတို့ကို တို့က သည်လို ပြောလိုက်တယ်။

'ငါ'-ရှိတယ်ဆိုတဲ့ အချက်

'တဏှာကို အရကောက်ပြရမယ်ဆိုလျှင် ကျုပ်အလှည့်မှာတော့ တိုတိုကောက်ပြလို့ မရနိုင်ဘူး။ အရှည်အဝေး ကောက်ပြရလိမ့်မယ်'-လို့ ဆိုတော့-

'ဟာ-ဘုန်းကြီးကလည်း စျေးကိုင်လိုက်တာ။ ဒါလေးများ ဘယ်ဟာတဏှာဆိုပြီး ကောက်ပြလိုက်၊ ပြီးတာပဲ မဟုတ်လား'-လို့ သူတို့က ပြန်ပြောကြတယ်။

'တို့ကလည်း သည်လို အသာကလေး ကောက်ပြလို့ မရဘူး'-လို့ ပြန်ပြောလိုက်ပါတယ်။ 'တဏှာဆိုတာ ဘယ်လိုအရာဖြစ်တယ် ဆိုတာကို မြင်နိုင်ဖို့အတွက် ပလ္လင်အနေနဲ့ အများကြီး ရှေ့ပြေးတည်ဆောက်ရဦးမှာဖြစ်တယ်'-လို့ ပြန်ပြောလိုက်တယ်'။

'ဘုန်းကြီးကလည်း စျေးကိုင်နေပြီ။ ကဲ-ကဲ ရှည်ရှည်ပြောရမယ်ဆိုလည်း ပြောပေါ့ဘုရား။တပည့်တော်တို့ကတော့ နားထောင်ရမှာပဲ'-လို့ သူတို့က သဘောတူကြတယ်၏

သည်လိုနဲ့ တို့ကလည်း တဏှာအကြောင်း ပြောနိုင်ဖို့အတွက် ပလ္လင်ခံတည်ဆောက်မှုတွေကို ပြောရဆိုရတာပေါ့။

'ခင်ဗျားတို့ကို တစ်ခုကလေး ပဌမပြောရမှာကတော့ 'ငါရှိတယ်'-ဆိုတဲ့အချက်ကို အရအမိ တည်ဆောက်ဖို့ပဲ"-လို့ ပြောလိုက်တယ်။

'တကယ်ဆိုတော့ သူတို့အနေနဲ့ 'ငါ-ရှိတယ်' ဆိုတာကို အကြောက်ဆုံးပါပဲ။ တရားသမားလောကမှာ အကြောက်ဆုံးဟာ 'ငါ-ရှိတယ်'ဆိုတာကို အကြောက်ဆုံးပဲ။

'ဘာဖြစ်လို့လဲဆိုတော့ တရားလောကမှာ ပင်မ စံတုတ်တိုက်သင်ကြားထားတာက 'အနတ္တ'-မဟုတ်လား။

'ပုဒ္ဓဘာသာ'နဲ့ 'အနတ္တ'၊ 'အနတ္တ'နဲ့ 'ပုဒ္ဓဘာသာ'ဆိုတာ ဘယ်လိုမှ ခွဲလို့မရတဲ့ပစ္စည်းလို ဖြစ်နေတာ မဟုတ်လား။

အနှစ်သာရမရှိတဲ့ အနတ္တ

'နိုင်ငံခြား အသံလွှင့်ဌာနတစ်ခုက ပရိသတ်မေးတာတွေကို ပြန်လည်ဖြေကြားရင်းနဲ့ တစ်ခါတော့ 'နိဗ္ဗာန်ဟာ အနတ္တ'-ဆိုတဲ့စကားကို ပြောသွားတယ်။ ဒါနဲ့ သူတို့ဆီကိုလည်း စာတစ်စောင် ပြန်ရေးလိုက်ပါတယ်။

'ခင်ဗျားတို့ အသံလွှင့်ဌာနဟာ အင်မတန် တိကျသေချာတယ်ဆိုပြီး၊ ဂုဏ်ရှိနေတဲ့ အသံလွှင့်ဌာန ဖြစ်တယ်။အခု ခင်ဗျားတို့က 'နိဗ္ဗာန်' ကို 'အနတ္တ'လို့ လုပ်လိုက်တာကတော့ ဂုဏ်ပျက်စရာ ဖြစ်သွားပြီ။ တကယ်ကတော့ 'နိဗ္ဗာန်'ကို 'အနတ္တ'လို့ မပြောထိုက်ဘူး။ မပြောထိုက်တာကတော့ အာဂမယုတ္တိအနေနဲ့ကို ထင်ထင်ရှားရှား ရှိနေလို့ ဖြစ်တယ်။

'သဗ္ဗေဓမ္မာ အနတ္တာ'-လို့ ဆိုထားတဲ့ ဓမ္မပဒဂါထာပိုဒ်ကို ပြန်လည်ဖွင့်ဆိုထားတဲ့ ဓမ္မပဒအဋ္ဌကထာစာပိုဒ်ကို ကြည့်လိုက်မယ်ဆိုလျှင်-

'သဗ္ဗေဓမ္မာ'-ဆိုတာ 'ဓမ္မအားလုံး ပါပေမယ့်၊ 'နိဗ္ဗာန်'-မပါတဲ့ ဓမ္မအားလုံး'-ကို ဆိုလိုတာ-လို့ သေသေချာချာ ဖွင့်ဆိုထားတာ တွေ့ရပါလိမ့်မယ်။ ဒါ အာဂမယုတ္တိပေါ့။ သည်တော့ 'နိဗ္ဗာန်'ကို 'အနတ္တ'လို့ ပြောတာဟာ အဋ္ဌကထာကိုလွန်ပြီး၊ ပြောရာရောက်နေပါတယ်။ ဒါ မသင့်မြတ်လှဘူး။ သဘာဝယုတ္တိနဲ့ ကြည့်မယ်ဆိုလျှင်လည်း 'အနတ္တရဲ့ အနက်'ဟာ ဘာလဲ။ အနတ္တရဲ့အနက်က 'အသာရကဋ္ဌေန'ဆိုတော့

အနှစ်သာရမရှိတာကို ပြောတာ။

'နိဗ္ဗာန်က ဘာတုန်း။ သာရလား၊ အသာရလား။ နိဗ္ဗာန်ဟာ အနှစ်သာရ ရှိသလား၊ မရှိဘူးလား။ တကယ်တော့ 'နိဗ္ဗာန်'ဟာ အနှစ်သာရရှိတယ်ဆိုတာ လူတိုင်း သိနေကြတာပဲ။ သည်တော့ အနှစ်သာရမရှိတဲ့ 'အနတ္တ'ဟာ 'နိဗ္ဗာန်'ပဲလို့ ဆိုခဲ့လို့ရှိလျှင် 'နိဗ္ဗာန်ဆိုတာ အနှစ်သာရမရှိတာကြီး'-လို့ ပြောရာ ရောက်နေမှာပေါ့။ သည်လိုပဲ စာထဲမှာ ပြောလိုက်တယ်'။

အရိယသစ္စာ

တကယ်တော့ ဗုဒ္ဓဘာသာကို တိုးတက်တဲ့အမြင်နဲ့ ကြည့်ပြီး၊ ဟောပြောသွားတဲ့ တချို့ပုဂ္ဂိုလ်တွေတောင်မှ 'အနတ္တ'-ဆိုလျှင် သိပ်ကြိုက်တတ်ကြတယ်။ ဗုဒ္ဓက ထူးထူးခြားခြား ပြောတဲ့စကားဟာ ဘာလဲ-လို့ သူတို့ကိုမေးလျှင် 'အနတ္တ'လို့ ပြန်ဖြေကြားတတ်ကြတယ်။ 'အနတ္တကို ဆိုက်အောင် လုပ်တာဟာ ဗုဒ္ဓဘာသာပဲ'-လို့ မှတ်ယူထားတတ်ကြတယ်။ အနတ္တဟာ ဗုဒ္ဓဘာသာဝင်တွေအတွက် သည်းခြေကြိုက်ပေါ့"။

တကယ်တော့ အနတ္တကို ကြိုက်လောက်အောင်ကလည်း သူတို့သဘောမမှန်နဲ့ သူတို့ ကိုက်နေကြပါတယ်။ သူတို့သဘောမမှုက 'ပရမတ္ထသစ္စာ'ဖြစ်တယ်။

'သူတို့သဘောမမှ ပရမတ္ထသစ္စာနဲ့ ဘုရားသျှင်ဟောတဲ့ အရိယသစ္စာဟာ တူတာလည်း မဟုတ်ပါဘူး။ တစ်ခုစီသပ်သပ် ဖြစ်ပါတယ်'။

ပရမတ္ထသစ္စာနဲ့ တည်ဆောက်ထားတဲ့လူ၊ အဲသည်လူက လှုပ်ရှားလို့ ဖြစ်ပွားလာတဲ့အမှုကသာ 'အရိယသစ္စာတရား'-ဖြစ်တယ်။ ဒါကြောင့် သည်သစ္စာတရားနှစ်ခုဟာ မတူပါဘူး။

'လူ့ကိုယ်ရဲ့ အစိတ်အပိုင်းတွေဖြစ်ဖြစ်ကြတဲ့ တရားတွေက 'ပရမတ္ထသစ္စာ' တွေ ဖြစ်ကြတယ်။ ပထဝီ၊ တေဇော၊အာပေါ၊ဝါယော၊ ဝေဒနာ၊သညာစတာတွေဟာ ပရမတ္ထသစ္စာတွေပေါ့။ ဒါဟာ လူ့အစိတ်အပိုင်းတွေ ဖြစ်တယ်"။

သည်အစိတ်အပိုင်းတွေနဲ့ တည်ဆောက်လိုက်တဲ့အခါ လူဆိုပြီး ဖြစ်လာတယ်။ ယောကျ်ား,မိန်းမ စတာတွေပေါ့။ သည်လူကနေပြီး ကိုယ်နဲ့ဖြစ်စေ၊ နှုတ်နဲ့ဖြစ်စေ၊ စိတ်နဲ့ဖြစ်စေ လှုပ်ရှားလို့ ဖြစ်ပွားလာတဲ့အမှုတွေရဲ့ အကောင်း,အဆိုးလောက် ဖြစ်ပွားလှုပ်ရှားလာမယ့် အကျိုးအပြစ်တွေကိုသာ ဗုဒ္ဓမြတ်စွာက 'အရိယသစ္စာ'-အဖြစ် ဟောကြားခဲ့တာ ဖြစ်ပါတယ်"။

အနတ္တကလည်း သည်းခြေကြိုက်

လူ့အစိတ်အပိုင်းရယ်၊

လူရယ်၊

လူ့လှုပ်ရှားမှုရယ်- သုံးခုရှိတဲ့အထဲမှာ__

'လူ့လှုပ်ရှားမှုကြောင့် ဖြစ်ပွားတဲ့အမှုကိုသာ အရိယသစ္စာတရား' လို့ ပြောရမှာ ဖြစ်တယ်။

လူကောင်ကြီးရဲ့ အစိတ်အပိုင်းဖြစ်တဲ့ ဓာတ်တွေ၊ ပရမတ်တွေကို အရိယသစ္စာတရား-လို့ ထင်မိလျင်တော့ တက်တက်စင်အောင် လွဲတာပဲ ဖြစ်တယ်။

'အဲသည် ပရမတ္ထသစ္စာတွေကို အရိယသစ္စာလို့ထင်ပြီး ရှုကြည့်နေလျှင် 'ပရမတ္ထသစ္စာ'တွေကိုပဲ မြင်လာမှာ ဖြစ်တယ်။ ပူနေတယ်ဆိုလျှင် မပူအောင် အစိုးမရဘူး။ အေးနေတယ်ဆိုလျှင် မအေးအောင် အစိုးမရဘူး။

'ဥပမာ-စိတ်တွေကလည်း ဖြစ်,ပျက်နေတယ်။ မြင်စိတ်ကလည်း မြင်စိတ်ဖြစ်သွားပြီး ပျက်သွားတယ်။ ကြားစိတ်ကလည်း ကြားပြီးတဲ့နောက် ပျက်သွားတယ်။

ဒါတွေကို ရှုလိုက်တဲ့အခါ 'ဖြစ်-ပျက်နေတာ'-ကိုလည်း မြင်ရပါ့မယ်။ သည်လို 'ဖြစ်-ပျက်'နေတာကို မြင်ရတဲ့အခါ မဖြစ်-မပျက်အောင်ကလည်း ပြင်လို့မရဘူး။ ဒါမှမဟုတ် ဖြစ်-ပျက်နေတာကို ပိုပြီးဖြစ်,ပျက်သွားအောင်လည်း လုပ်ဖို့ မတတ်နိုင်ဘူး။

မြင်တဲ့အတိုင်းကနေပြီး မြင်တဲ့အရာကို သင်ခန်းစာယူပြီး မဖြစ်အောင်, မပျက်အောင်ကလည်း ပြင်လို့မရဘူး-ဆိုတော့ ကိုယ်မြင်တာအပေါ်မှာ 'အစိုးမရဘူး' ဖြစ်နေတာပေါ့။သည်လို ပရမတ္ထသစ္စာကိုကြည့်ပြီး ကိုယ်က ဘာမှလုပ်လို့မရဘဲ သူဖြစ်ချင်တဲ့အတိုင်းပဲ ဖြစ်နေတာပဲ။ ဘာမှ အစိုးမရဘူး-ဆိုပြီး လက်မှိုင်ချရတဲ့အသိကို ရလာပါတော့တယ်။

'သည်အထိရလာတာ ဖြစ်တဲ့အတွက် 'မှန်လိုက်လေ၊ အနတ္တတရား'-ပေါ့လေ။ သည်လိုနဲ့ ပရမတ္ထသစ္စာကို ရှုမိမှားရာကနေပြီး အနတ္တကလည်း သည်ခြေကြို့က် ဖြစ်လာတာပေါ့။

မင်းတရားတွေကို သွန်သာပစ်လိုက်

'အနတ္တနဲ့ ပရမတ္ထသစ္စာ၊ပရမတ္ထသစ္စာနဲ့ အနတ္တ၊ တစ်သားတည်း ဖြစ်နေလေတော့-

ဗုဒ္ဓမြတ်စွာကလည်း ပရမတ္ထသစ္စာကို ဟောတယ်ဆိုပြီး၊ 'ဗုဒ္ဓနဲ့ အနတ္တ'၊ 'အနတ္တနဲ့ ဗုဒ္ဓ'။ တစ်သားတည်းလို့ ထင်သွားကြပြန်တယ်။

'သည်နေရာမှာ 'အနတ္တ'နဲ့ စပ်လျဉ်းပြီး၊ တို့ အတွေ့အကြုံက လေးကို အမှတ်တရ ပြောရဦးမယ်။

မင်းလွင်ခြံမှာ နေတုန်း ဒကာတစ်ယောက် ရောက်လာတယ်။ တို့အဆုံးအမကိုရထားတဲ့ လူတစ်ယောက်နဲ့ ဆက်သွယ်ပြီး ရောက်လာတာပဲ။ သူကလည်း လူသစ်ပါ။ မိတ်ဆက်ပေးပါတယ်။ အသက်က နှစ်ဆယ့်ရှစ်နှစ်လောက် ရှိပြီ။ လူငယ်တစ်ယောက်လို့ပဲ ဆိုရမှာပေါ့။ အလျင်ကတော့ သူက ပေတိပေတာ နေခဲ့တယ်-လို့ ဆိုတယ်။ အခုတော့ဖြင့် တရားတွေလိုက်စားပြီး ဓာတ်တွေ,ပရမတ်တွေကို နောကျေနေအောင် သိနေပါပြီ။ စကားလည်း တော်တော် ပြောတတ်တယ်။

'တို့ဆီရောက်လာတော့ တရားတွေပြောလိုက်တာ တရကြမ်းပါပဲ။ တရားတော်ရဲ့ ဓာတ်သဘာဝကနေပြီး  လူအထိ ရောက်လာပြီးတဲ့နောက်၊ လူဟာ တကယ်အတည်မရှိပုံ အကြောင်းပေါ့လေ။ သည်လိုမျိုးနဲ့ ဓာတ်သဘာဝတွေကို သုညရောက်အောင် ဘယ်လိုလုပ်ရမယ် ဆိုတာကို ပြောတော့ ငါက သူ့ကို ပြန်မေးလိုက်ပါတယ်။

'မင်းပြောတဲ့အရာတွေဟာ နက်လည်း နက်ပါရဲ့။ ခက်လည်း ခက်ခဲပါရဲ့။ အဲသည်အကြောင်းအရာတွေကို ဟုတ်မယ်လို့လည်း ထင်ပါ

ရဲ့။ ဒါပေမယ့် မေးတော့ မေးဦးမယ်”။

'မင်းပြောနေတဲ့အရာတွေကို သိပ်အရှည်ကြီး ပြောနေမယ်ဆို လျှင် တို့က ဒါတွေကို သင်ကြားထားတာဆိုတော့ မင်းပြောတဲ့အတိုင်း နားလည်ပါတယ်။ မင်း ဘယ်ဆီရောက်အောင် ပြောမယ်ဆိုတာလည်း ရိပ်စားမိပါတယ်။ သည်တော့ သိပ်အရှည်ကြီးလည်း မဖြစ်အောင်၊ မင်းကို ငါ- မးခွန်းတစ်ခု မေးစမ်းကြည့်ပါ့မယ်။ မင်း ဖြေကြည့်စမ်းပါ-လို့ပြောပြီး-

'မင်း အခုပြောနေတဲ့ တရားတွေဟာ ဘယ်လိုအကျိုးတရားကို ဖြစ်ပွားစေဖို့အတွက် ကျင့်ကြံကြိုးကုပ် အားထုတ်ရတာတုန်း၊ သည်တရား တွေက မင်းကို ဘာပေးမှာတုန်း၊ ဒါကို ငါ့ကို ဖြေစမ်းပါ'-လို့ မေးလိုက် တယ်။

'သည်တော့ သူဟာ သူ့ဟောကွင်းကို ဟောရတဲ့အခါတုန်းက သွက်သွက်လက်လက် ဖြစ်ပေမဲ့ တို့မေးခွန်းကို မေးလိုက်တဲ့အခါမှာတော့ သိပ်မသွက်တော့ဘူး။ ခပ်လေးလေးဖြစ်သွားတယ်။ ဒါနဲ့ ငါက 'နိဗ္ဗာန်ရဖို့ မဟုတ်လား'-ဆိုမှ 'ဟုတ်ပါတယ်ဘုရား၊ နိဗ္ဗာန်ရဖို့ပါ'-လို့ ဖြေတယ်။

'မင့်တရားက မင်းကိုနိဗ္ဗာန်ယူပေးမှာ မဟုတ်လား'-လို့ဆိုတော့ 'ဟုတ်ပါတယ်'လို့ ပြန်ဖြေတယ်။'သည်လိုဆိုလျှင် မင်းတရားတွေကို သွန် သာပစ်လိုက်တော့ကွာ၊ အားထုတ်မနေနဲ့တော့'-လို့ ပြောလိုက်တော့၊ သူ ကလည်း 'ဘာဖြစ်လို့တုန်း ဘုန်းကြီးရဲ့'လို့ အလန့်တကြား ပြန်မေးတယ်'။

မင်းမှ မရှိဘဲနဲ့ မင်းကိုပေးလို့ ရနိုင်ပါ့မလား?

'ငါက မင်းကို မင်းရဲ့တရားတွေ သွန်ပစ်လိုက်လို့ ပြောတာဟာ အလွယ်ပြောတာ မဟုတ်ဘူး။ ငါ မကြိုက်တာနဲ့ ပြောတာလည်း မဟုတ်ဘူး။အကြောင်းနဲ့ ပြောနေတာပါ'

'နိဗ္ဗာန်ကို မင်းရဲ့တရားက တစ်စက်မှ ယူမပေးနိုင်ဘူး။ ဒါကြောင့် မင်းရဲ့တရားတွေကို သွန်သာပစ်လိုက်ပေတော့။ နိဗ္ဗာန်ရချင်တဲ့ ရည်ရွယ်ချက်နဲ့ သည်တရားကို ပွားများနေတာဆိုလျှင် ဆက်မလုပ်နဲ့တော့။ သွန်သာပစ်လိုက်တော့-လို့' ငါက ပြောလိုက်တယ်။

သူကလည်း 'ဘာဖြစ်လို့ သွန်ပစ်ရမှာလဲ ဘုန်းကြီးရဲ့'-လို့ မေးလေရဲ့။ သည်လိုနဲ့ တို့ကလည်း 'ဘာဖြစ်လို့ သွန်ပစ်ရမှာလဲ'-ဆိုတာ သိရအောင် မင်းကို မေးခွန်းတစ်ခု ထပ်မေးရဦးမယ်။ သေသေချာချာဖြေကွာ'-ဆိုပြီး-

'မင်း ခုနကပြောသွားတဲ့တရားက မင်းရှိကြောင်းကို အသိအမှတ်ပြုရဲ့လား-လို့ မေးတော့၊ 'အသိအမှတ် မပြုပါဘူး'လို့ ပြန်ဖြေတယ်။

'မင်းတရားက မင်းရှိတယ်-ဆိုတာကို အသိအမှတ် မပြုဘူးဆိုလျှင်၊ မင်းတရားက မင်းကို ဘာပေးနိုင်မှာလဲ၊ နိဗ္ဗာန်ဆိုတာကို ဘယ်လိုလုပ် ပေးနိုင်မှာလဲ'-လို့ ထပ်မေးတော့ 'ဘာဖြစ်လို့လဲ ဘုန်းကြီး'-လို့ပဲ သူကလည်း ထပ်ပြီးမေးပြန်တယ်။

'မင်းမှ မရှိဘဲနဲ့ မင်းကိုပေးလို့ ရနိုင်ပါ့မလား၊ တကယ်တော့ မင်းရဲ့တရားက မင်းကို တစ်စုံတစ်ရာပေးမယ်ဆိုလျှင် ပေးမယ့်ပစ္စည်း

ရှိရုံနဲ့တင် မပြီးသေးဘူး၊ အပေးခံရမယ့်သူ မင်းကလည်း ရှိနေဦးမှ ဖြစ်မှာပေါ့။ မင်းရဲ့တရားက မင်း-ရှိကြောင်းကို အသိအမှတ်ပြုပေးဖို့လို တယ်’-လို့ တို့က ပြန်ဖြေလိုက်တယ်။

မင်းတို့ဟာ အတော်မိုက်မဲတဲ့သူတွေ

‘တပည့်တော်ကတော့ တပည့်တော်ရှိတယ်’-လို့ အသိ အမှတ်ပြု ပါတယ်’-လို့ သူက လေသံပျော့ပျော့နဲ့ ပြန်ပြီးပြောရှာတယ်။

‘မင်းက မင်းကိုယ်ကို မင်း-ရှိတယ်လို့ အသိအမှတ်ပြုရုံနဲ့ မပြီးဘူး။ ဘာကြောင့်လို့လဲဆိုတော့ မင်းက နိဗ္ဗာန်ပေးမှာမှ မဟုတ်တာ။ မင်းရဲ့ တရားကသာ နိဗ္ဗာန်ကို ပေးမှာဆိုတော့ နိဗ္ဗာန်ယူပေးမယ့် မင်းရဲတရားက မင်းရှိတယ်ဆိုတာကို အသိအမှတ်ပြုမှ ဖြစ်မှာ။

‘ဒါတောင်မှ မင်းကလည်း မင်းရဲ့တရားကို ကောင်းကောင်း မရ သေးလို့သာပါ။ တကယ်မရသေးလို့ မင့်ကိုယ်မင်း ရှိတယ်-လို့ အသိအ မှတ် ပြုနိုင်တာ။ မင်းရဲ့တရားနောက်ကို ကောင်ကောက်ပါအောင် လိုက် သွားပြီဆိုလျှင် မင်းရဲ့တရားက မင်းကို အသိအမှတ်မပြုတော့သလို၊ မင်း ကိုယ်တိုင်ကလည်း ‘မင်းရှိတယ်’-ဆိုတာကို အသိအမှတ်ပြုတော့မှာ မ ဟုတ်ဘူး’-လို့ ပြန်ပြောလိုက်တယ်။

‘မင့်ရဲ့တရားက ‘မင်းရှိတယ်’-ဆိုတယ်ကို သေချာပေါက် အသိ အမှတ် မပြုပါဘူး။ သည်တော့ ‘မင်းရဲ့တရားမှာ နိဗ္ဗာန်ရှိတယ်’-ဆိုတာ တောင် ဘယ့်နှယ်လုပ်ပြီး ပေးမှာတုန်း သူက မင်းကို အသိအမှတ်မှ မပြုတာ။ ဒါကြောင့် မင်းရဲ့တရားတွေကို သွန်သာပစ်လိုက်တော့-လို့ ငါပြောတာဖြစ်တယ်’။

'သည်လို ပြောလိုက်တယ်ဆိုလျှင်ပဲ သူလည်း ခပ်ငိုင်ငိုင် ခပ်မှိုင်မှိုင် ဖြစ်သွားတယ်။ တို့ကလည်း-

'မင်းတို့ဟာ အတော်မိုက်တဲ့သူတွေ'-လို့ ထပ်ပြောလိုက်တယ်။

'တပည့်တော်တို့ ဘယ်လို မိုက်တာလဲဘုရား၊ တပည့်တော်တို့ လည်း တရား လုပ်နေကြတာပဲ မဟုတ်လား၊ တရား လုပ်နေတာကို မိုက်တယ်-လို့ ပြောရမလား ဘုန်းကြီး'-လို့ သူက အထွန့် တက်ပြန်တယ်။

မင်းတို့က လက်ထဲမှာ လက်ကိုရှာတယ်

'အေး-မင်းတို့ မိုက်တယ်။ မိုက်ပုံကို ငါပြောပြမယ်။ မင်းတို့က 'လူထဲမှာ လူကိုရှာတယ်'။ ဒါ မိုက်တာပဲကွ။ တကယ်တော့ လူဆိုတာ လူထဲမှာရှိတာ မဟုတ်ဘူး။ ပြောရမယ်ဆိုလျှင် ကိုယ်ဝန်ဆောင်မိန်းမရဲ့ ဗိုက်ထဲမှာသာ လူကို ရှာလို့ တွေ့ချင်တွေ့မယ်။ ကိုယ်ဝန်ဆောင်မဟုတ်တဲ့ လူတွေအထဲမှာ လူကိုလိုက်ရှာနေလို့ ဘယ်တော့မှ လူကိုမတွေ့ဘူးမှတ်'။

'လူထဲမှာရှိတာ အရိုးတို့၊ အသားတို့၊ အရေတို့၊အကြော တို့ပဲ ဖြစ်တယ်။ ပထဝီ၊အာပေါ၊တေဇော၊ဝါယော ဒါတွေ ပဲရှိမှာ မဟုတ်လား။လူထဲမှာ ဘယ်လူကောင်ကြီး ရှိလိမ့် မလဲ'

'မင်းတို့က လူထဲမှာ လူကိုရှာတယ်။ လူမရှိတဲ့နေရာမှာ လူကို ရှာတော့ လူကို မတွေ့ဘူး။ မရှိတဲ့နေရာမှာ လိုက်ရှာလို့ မတွေ့တာကို 'အရှာမှားလို့ မတွေ့တာပဲ'လို့ မတွေးဘူး။ 'မရှိလို့ မတွေ့တာ'-လို့ ကောက်ချက်ချပစ်လိုက်တာ မိုက်တာပေါ့ကွ။

'မင်း ဟိုဖက်လှည့်ကြည့်လိုက်စမ်း။ ဟိုဖက်မှာ ငါ့ကို လိုက်ရှာစမ်း။ သည်ဖက် မလှည့်နဲ့။ ငါ့ကို တွေ့မလား၊ ဘယ်တွေ့လိမ့်မလဲ၊ မရှိတဲ့နေရာမှာ လိုက်ရှာနေတာကိုး။ သည်လို နေရာမှားပြီး ရှာလို့မတွေ့တာနဲ့ 'ငါ မရှိဘူး'-လို့ မကြေငြာလိုက်နဲ့၊ မင်း မှားသွားလိမ့်မယ်"။

'တကယ်တော့ မင်းတို့မိုက်တာ အဲသည်လို မိုက်တာပဲ။ မင်းတို့က 'လက်ထဲမှာ လက်ကို လိုက်ရှာတယ်'။ လက်ထဲမှာ လက်ကိုလိုက်ရှာလို့ကတော့ ဘယ်တော့မှ လက်ကိုတွေ့မှာ မဟုတ်ဘူး။ လက်ထဲမှာ လက်ကိုလိုက်ရှာလျှင်-

အရိုးက လက်လား၊

အကြောက လက်လား-ဆိုပြီး မင်းတို့က လုပ်တယ်။

'ကဲ- မင်းလက်မှာ နာရီရှိတယ်။ သည်နားမှာ နာရီရှာစမ်းဆိုရင် မင်းလက်ပေါ်ကနာရီကို ရှာမှာပဲ။ သည်လိုမဟုတ်ဘဲ နာရီထဲမှာ နာရီရှာလို့ကတော့ မတွေ့ရေးချ မတွေ့ပေါ့ကွာ'။

'နာရီထဲမှာ နာရီကို ရှာလို့ကတော့၊ နာရီကို တွေ့မှာ မဟုတ်ဘူး။ ဝန်ရိုးတွေ၊ လက်တံတွေ၊ ဇယားကွက်တွေပဲ တွေ့မှာပေါ့။ ဘီးကလည်း နာရီမဟုတ်ဘူး။ ဝန်ရိုးကလည်း နာရီမဟုတ်ဘူး။ လက်တံကလည်း နာရီမဟုတ်ဘူး။ ဇယားကွက်ကလည်း နာရီမဟုတ်ဘူး'။

'တကယ်က နာရီက မရှိတာ မဟုတ်ဘူး။ မရှိတဲ့နေရာမှာ လိုက်ရှာနေလို့ နာရီကို မတွေ့တာကိုး။ ဒါကို 'မရှိတဲ့နေရာမှာ လိုက်ရှာလို့ မတွေ့တာပဲ'လို့ မအောက်မေ့ဘူး။ မတွေ့တာနဲ့ မရှိဘူး- လုပ်ပစ်တတ်ကြတယ်။ မျက်စိအောက်မှာထားပြီး နာရီမရှိဘူး-လို့ လုပ်တတ်ကြတယ်။ မင်းတို့လုပ်တာ ဟန်မကျဘူး'-လို့ တို့က ပြောတဲ့အခါ-

မင်းကိုယ်လေး မင်းပြန်တွေ့အောင်

'တပည့်တော် စဉ်းစားပါဦးမယ်ဘုရား'-လို့ သူက ပြန်ပြောတယ်။

'စဉ်းစားစရာ ဘာရှိသလဲ၊မင်းစဉ်းစားစရာ ငါက ဘာပြောသလဲ' လို့ တို့ကလည်း ပြန်ပြောရပါတယ်။

တကယ်လည်း ဒါဟာဖြင့် စဉ်းစားစရာလို့ တို့မထင်ပါဘူး။ တို့ နေရာမှား ရှာနေတာပါလား-လို့ သိလိုက်ရုံပဲ-လို့ ပြောချင်တယ်။

သူ့ကို သည်လိုပြောရင်း တို့ဆရာသမား ချပေးတဲ့ သံပေါက် လက်ာကြီး သွားပြီးသတိရမိတယ်-

'ကိုယ့်လက်ထဲမှာ၊ လက်ကိုရှာ၊ ရှာသာရှာရ လက်မရ။

လူ့ကိုယ်ထဲမှာ၊ လူကိုရှာ၊ ရှာသာရှာ လူမရ'။

သည်သံပေါက်ကလေးတွေ ဖြစ်ပါတယ်။

လူ့ကိုယ်ထဲမှာ လူကို တွေ့အောင်ရှာချင်တယ်ဆိုလျှင်တော့ ကိုယ်ဝန်ဆောင်မိန်းမရဲ့ ဗိုက်ထဲမှာရှာမှ တွေ့ရမှာပဲ။ လူတွေကဖြင့် သည် လူငယ်ကလေးလိုပဲ မိုက်ကြတယ်။ အနတ္တကလည်း အဲသည်လောက် ကြိုက်ကြတာ။ ဒါကိုလည်း သူက 'စဉ်းစားဦးမယ်'-လို့ ပြောသေးတယ်။ တို့ပြောလိုက်တာနဲ့ ဒိုင်းကနဲ သိလိုက်ဖို့ မကောင်းဘူးလား။

ဒါနဲ့ သူ့ကို နောက်ဆုံးပြောလိုက်တယ်။

'ငါက မင်းရဲ့ ကိုယ်ကလေးကို မင်းပြန်တွေ့အောင် ပြောနေတာ။ အိမ်ပြန်ရောက်တဲ့အထိ မင်းရဲ့ကိုယ်ကို မင်းပြန်မတွေ့သေးဘူးဆိုလျှင်၊ မင်းကိုယ်ကို မင်းပြန်မရသေးဘူးဆိုလျှင် မလာခဲ့နဲ့တော့။ မင်းကိုယ်ကို မင်းပြန်တွေ့မှ ပြန်လာခဲ့'-လို့ မှာလိုက်တယ်။

'ဘုန်းကြီးကတော့ ဘုတောတဲ့ဘုန်းကြီး-လို့ ထင်သွားမလားပဲ မပြောတတ်ဘူး။ သူ့ကိုယ်ကလေးတောင်မှ သူမရတဲ့သူကို တို့ကလည်း နောက်ထပ်မတွေ့ချင်တော့ဘူး။ သူလည်း မလာတော့ပါဘူး။

မှန်တာသိတိုင်း တရားမရနိုင်

အဲသည်လောက် အနတ္တကို ကြိုက်ကြပါတယ်။ ပရမတ္ထသစ္စာနဲ့ အတင်းရိုက်သွင်းထားတာဆိုတော့ မှန်ကလည်း မှန်စေတာ မဟုတ်လား။

'ဒါပေမဲ့ မှန်ရုံနဲ့ တရား မဟုတ်ဘူး။
မှန်ရုံနဲ့ တရားမဟုတ်ဘူးကွ'။

'အရှေ့က နေထွက်တယ်-ဆိုတာ မမှန်ဘူးလား၊ ထုံး-ဖြူတယ် ဆိုတာ မမှန်ဘူးလား၊ အဲသည်အမှန်ကို သိရုံနဲ့ တရားက ဘယ်လိုရမှာလဲ။ သည်တော့-

'မှန်တာသိရုံနဲ့ တရားမရဘူး'-ဆိုတာ သိနိုင်ပါတယ်။
တကယ်တော့-
'အရိယသစ္စာထိုက်တဲ့ အမှန်မျိုးကို သိမှသာ တရားရနိုင်တာပါ'။

အနတ္တသိချင်သတဲ့

အနတ္တနဲ့ စပ်လျဉ်းပြီး နောက်တစ်ခု သတိရလို့ ပြောရဦးမယ်။ မင်းလွင်ခြံမှာနေတုန်းက လူငယ်တစ်ယောက် တို့ဆီကိုလာတယ်။ လာတဲ့ အချိန်က နေ့လည် ဆယ့်နှစ်နာရီ ပိုပိုလောက် ရှိမယ်။ လာပုံက ယိမ်းထိုးယိမ်းထိုးနဲ့။ ခြံတံခါးဝကနေ ကျောင်းအထိ လမ်းကလည်း တဖြောင့်

တည်း ဖောက်ထားတာမို့ သူဝင်လာတာကို လှမ်းမြင်နေရတယ်။ သူလာတာ တစ်လမ်းလုံးအပြည့်ပဲ။ နေပဲ မကောင်းလို့လား၊ အရှုံးများလား-လို့ တို့က ထင်နေမိတယ်။ အသက်က အစိတ်လောက်ပဲ ရှိမယ်။

တို့နားကိုရောက်တော့ 'ဘာကိစ္စလဲ'-လို့ မေးလိုက်တဲ့အခါ 'ဘုန်းကြီးနဲ့တွေ့ချင်လို့ လာပါတယ်'-လို့ ဖြေတယ်။ 'ဘယ်နယ်ကတုန်း'ဆိုတော့ 'ပုလဲနယ်က'-လို့ ပြောတယ်။ 'ဘုန်းကြီးတို့ရဲ့ စာရွက်စာတမ်းကလေးတွေ၊ တရားကြိုးခွေလေးတွေ အနည်းအပါး နာကြားဖူးပါတယ်။ ဒါကြောင့် သူငယ်ချင်းအပေါင်းအသင်းတွေနဲ့ ရွာပြန်ရောက်တဲ့အခါ ဘယ်လိုတွေ့ခဲ့ရတယ်ဆိုတာကို ပြန်ပြောချင်လို့ တွေ့ရအောင် လာခဲ့တာပါ'-လို့ ပြောတယ်။

ဒါနဲ့ အနားက ကုလားထိုင်မှာ ထိုင်ရအောင်လို့ နေရာပေးလိုက်တယ်။ သည်တော့မှ သူ့ပါးစပ်က အရက်နံ့နံ့နေတာ သိရတယ်။ သူက အရက်သောက်လာခဲ့တာကိုး။

အမှန်ကတော့ လာချင်စိတ်ရှိလို့ လာတာနဲ့ တူပါရဲ့။ မူးလျက်နဲ့လည်း လာချင်စိတ်ပေါက်တာ ဖြစ်ချင် ဖြစ်မှာပေါ့။ ဒါနဲ့ သူက တရားစကား ပြောစေချင်တာပေါ့လေ။ ဒါပေမဲ့ အရက်သောက်ထားတဲ့သူကို တရားစကားပြောလို့ မဖြစ်ဘူးဆိုပြီး 'မင်းတို့ဆီမှာ မိုးရွာရဲ့လား၊ ဘာအလုပ် လုပ်သလဲ၊ မွေးချင်းဘယ်နှစ်ယောက် ရှိသလဲ'- စသဖြင့် လူမှုရေး အလ္လာပသလ္လာပတွေပဲ ပြောနေခဲ့တယ်။ သူနဲ့ တို့နဲ့ အပေးအယူ မတည့်ဘူး-လို့ ပြောရမှာပေါ့။

သူက တို့ဆီက တရားစကားကို ကြားချင်တယ်။ 'တရားဟောပါ ဘုန်းကြီး။ တခြားစကားတွေ လျှောက်မပြောပါနဲ့'-လို့ ပြောတယ်။

'ဒါနဲ့ မင်းက သည်လောက် တရားဟောစေချင်တော့လည်း ဟောရတာပေါ့ကွာ။ မင်း ဘာသိချင်သလဲ-ပြောစမ်း'-ဆိုတော့ 'တပည့်တော် အနတ္တသိချင်တယ်'-လို့ ပြန်ဖြေတယ်။ ဟောကွာ!။ သူက ပြောလိုက်တာ 'အနတ္တ သိချင်သတဲ့'။

အနတ္တဟာ အမှန်မဟုတ်ဘူးလား

'ဟာ-သည်အနတ္တကြီး ငါ့နား လာမပြောနဲ့စမ်းကွာ'-လို့ တို့က လည်း သည်လိုပဲ ခါချပစ်လိုက်တယ်။ သူနဲ့ကလည်း တရားစကားက မပြောချင်ဘဲကိုး။ မပြောချင်တဲ့ကြားက ပြောလာတော့ ခါချပစ်လိုက်တာ ပေါ့။

အဲသည်မှာ သူက ဘာထပ်ပြောသလဲဆိုတော့၊ 'အနတ္တကို ဘုရားမဟောဘူးလား ဘုန်းကြီး'-တဲ့။ မကျေနပ်တဲ့ လေသံနဲ့ ပြောတယ်။

'မင်းနဲ့ငါ မင်းက ဘုန်းကြီးလား၊ ငါက ဘုန်းကြီးလား'-လို့ သူ့ကို ပြန်မေးရတယ်။ သည်တော့လည်း 'တပည့်တော်က ဘုန်းကြီးမဟုတ်ပါဘူး၊ အရှင်ဘုရားက ဘုန်းကြီးပါ'-လို့ ပြန်ဖြေတယ်။

'ငါက ဘုန်းကြီးဆိုလျှင် အနတ္တကို ဘုရားဟောတယ်၊ မဟောဘူးဆိုတာကို မင်းက ပိုသိသင့်သလား၊ ငါက ပိုသိသင့်သလား'-လို့ ပြန်မေးလိုက်တယ်။ 'အရှင်ဘုရားက ဘုန်းကြီးဆိုတော့ အရှင်ဘုရားပဲ ပိုသိသင့်တာပေါ့'-လို့ ပြန်ဖြေတယ်။

'အေး-သည်လိုဆိုလျှင် အနတ္တကို ဘုရားမဟောဘူးလား- ဆိုတဲ့ မေးခွန်း ငါ့ကိုမမေးနဲ့။ ဘုရားဟောတယ် မဟောဘူး ငါက ပိုသိတယ်'လို့ မင့်စိတ်ထဲမှာ ထားလိုက်။ ဟောတယ်လည်း မပြောဘူး၊ မဟောဘူးလည်း မပြောဘူးပေါ့ကွာ။ ဒါက ရှင်းရမှာ အရှည်ကြီးကွ'-လို့ ပြောလိုက်တယ်။

အဲသည်မှာ သူက နောက်တစ်မျိုး ပြောလာပြန်တယ်။ 'အနတ္တ မှန်တယ်မဟုတ်လား ဘုရား'-တဲ့။

'ပဌမက 'အနတ္တကို ဘုရားမဟောဘူးလား၊ အခု နောက်တခါ 'အနတ္တဟာ မှန်တယ်မဟုတ်ဘူးလား'။

တရားလည်းမူး အရက်လည်းမူး

ဒါနဲ့ သူ့ကို ပြန်မေးခွန်းထုတ်လိုက်တယ်။

'မင်းကို ဘယ်သူလွှတ်လိုက်တာတုန်း'-ဆိုတော့ သူလည်း တခြားစကားပြောပြီမှတ်ပြီး-

'တပည့်တော်ကို ဘယ်သူကမှ လွှတ်လိုက်တာ မဟုတ်ပါဘူး။ လာချင်စိတ်ရှိလို့ လာတာပါ'-လို့ ပြန်ဖြေတယ်။

'သည်ကို လာချင်စိတ်ရှိလို့ လာပြီဆိုကတည်းက မင်းကိုယ်ကို မင်း၊ ထိုက်သလောက် အစိုးရနေပြီ-လို့ ဆိုရမှာပေါ့။ မင်းသာ 'အစိုးမရတဲ့ အနတ္တကောင်' ကြီး ဖြစ်နေခဲ့လျှင် ငါ့ဆီကို လာချင်စိတ်ရှိတောင်မှ မင်း လာနိုင်မှာ မဟုတ်ဘူး။ မင်း လာချင်စိတ်ရှိတဲ့အတိုင်း ငါ့ဆီကိုအရောက် လာနိုင်ခဲ့လျှင် မင်းကိုယ်မင်း အစိုးရတဲ့သူ ဖြစ်လို့ပေါ့ကွာ။ ကိုယ့်ကိုယ်ကို အစိုးမရတာ 'အနတ္တ'-ကွ'။

'မင်းကို တစ်ခု ထပ်ပြောရဦးမယ်။ မင်း အခု အရက်မူးလာတယ် မဟုတ်လား၊ နောက်ပြီး မင်းက တရားလည်း မူးလာတယ်။ တရားမူးပေမဲ့ အရက်မမူးဘူးဆိုလျှင်လည်း မင်းကို စကားပြောလို့ ကောင်းမှာပဲ။ အရက်ပဲမူးပြီး တရားမမူးဘူးဆိုလျှင်လည်း စကားပြောလို့ ကောင်းမှာပဲ။ မင်းက အခုတော့ တရားလည်းမူး၊ အရက်လည်းမူး နှစ်မူးဖြစ်နေတယ်။ ကဲ-သည်တော့ ပြန်ပေတော့'-လို့ နှင်လွှတ်လိုက်တယ်။

'ငါ' ရှိတယ်

ဆိုလိုတာက ပရမတ္ထသစ္စာက ကြီးငယ်မဟူ ပေါက်နေကြတယ်။ ပရမတ္ထသစ္စာကို သည်လောက်ပေါက်နေတော့ ပရမတ္ထသစ္စာတိုင်းက သိနေရတဲ့ ပရမတ်တွေကလည်း တိုးလို့လည်း မရ၊ လျှော့လို့လည်း မရ မဟုတ်လား၊ သည်တော့ 'အစိုးမရ'တာတွေ သိမြင်ကြပြီး၊ 'အနတ္တ'-ကလည်း တကယ့်ကို နေရာ ရနေတော့တာပေါ့"။

တို့ဆရာသမားတွေဟာ 'အနတ္တ'-ကို တအားကြိုက်နေကြတယ်။

'ငါ မဟုတ်ဘူး၊ ငါ မရှိဘူး'-နဲ့ လုပ်နေကြတယ်။

ခုနက တဏှာရာဂကို အရကောက်ပြမယ့် သူတွေဟာလည်း 'အနတ္တသမား'တွေပဲ။ အနတ္တသမားတွေဆိုတော့-

'တဏှာ'-ကို အရကောက်ပြတာ နားလည်ချင်လျှင် နားလည်နိုင်ဖို့အတွက် လိုအပ်ချက်တစ်ခု ရှိတယ်။ ဒါကတော့ 'ငါ-ရှိတယ်' 'ငါ-ဟုတ်တယ်' ဆိုတဲ့အချက်ကို လက်ခံပေးဖို့ပဲ ဖြစ်တယ်။ ဒါဟာ တကယ့်လိုအပ်ချက်ပဲ'-လို့ ပြောလိုက်တယ်။

ပဋ္ဌမတုန်းက 'ငါ-မရှိဘူး'လို့ လုပ်နေရာကနေ အခုကျတော့ 'ငါ-ရှိတယ်'လို့ လုပ်ရမယ်ဆိုတော့၊ ဒါကို တစ်ရက်မက နှစ်ရက်မက ရက်တွေအများကြီး၊ ထစ်ငေါ့နေတဲ့ အရာကြီးကို ကျော်လွှားသွားမှာ မဟုတ်လား။

သမုတိသစ္စာဟာ အမှန်တရားပဲ

'ဒါကြောင့် တဏှာကို အရကောက်ပြရမယ်ဆိုလျှင် ဒက်ခနဲ ကောက်ပြလို့ မရဘူး။ အရှည်အဝေးကြီးကို ကောက်ပြရမှာ'-လို့ သူတို့ကို ပြောရတယ်။

'တဏှာရာဂ ကောက်ပြရမယ်ဆိုလျှင် ကောက်ပြနိုင်ဖို့အတွက် 'ငါ-ရှိတယ်'-ဆိုတာကို အလျှင်လုပ်ရမယ်။ 'ငါ-ရှိတယ်'ဆီကမှ အဲသည် 'ငါ'ကနေပြီး၊ မက်မောတယ်၊တပ်မက်တယ် ဆိုတာတွေနဲ့ 'ငါ-တဏှာဖြစ်တယ်'ဆိုတာကို လုပ်ရမှာ ဖြစ်တယ်။ 'ငါ-မရှိဘူး'ဆိုလျှင် တဏှာချည်း သက်သက် မရှိနိုင်ဘူး'-လို့ ထပ်ပြောရပါတယ်။

တကယ်တော့ တရားသမားမှန်လျှင် သမုတိသစ္စာကို ငြင်းကြတာပဲ။ ယောကျ်ားဆိုတာ မရှိ။ မိန်းမဆိုတာ မရှိ။ ပုဂ္ဂိုလ်,သတ္တဝါဆိုတာ မရှိ။ ငါ မရှိ။ ငါ့ဟာ မရှိ။ သူတပါးဟာ မရှိ။ သည်လို လုပ်တတ်ကြတယ်။ လုံးဝ ဟာတိဟာတာကြီး'။

'ပြုသူ ကတ္တားကို အကုန်ငြင်းပြီး၊ ပြုလုပ်ခြင်း ကြိယာလောက်ကိုသာ လက်ခံနေတတ်ကြတယ်'။

ပရမတ္ထသစ္စာအမြင်နဲ့ လူကိုပျောက်အောင် ဖျောက်ဖျက်ပစ်နေကြတာကနေပြီး၊ လူကိုရောက်အောင် တည်ဆောက်ပြရမှာ-ဆိုတော့

'ငါ-ရှိတယ်'ဆိုတဲ့အကြောင်းဟာ လိုအပ်တယ်ဆိုပြီး၊ 'ငါ-ရှိတယ်'-ဆိုတာကို လက်ခံဖို့ ပြောလိုက်ပါတယ်။

'ငါ-ရှိတယ်'-ဆိုတဲ့အချက်ကို ပြောတဲ့အခါမှာတော့ သမုတိသစ္စာအမြင်နဲ့ ပြောရတာဖြစ်ပါတယ်။ တကယ်တော့ သမုတိသစ္စာဟာ အမှန်တရားပဲ။ နှုတ်ခမ်းနှစ်လွှာကြားက ထွက်လာပြီး၊ ပျောက်ပျက်သွားတတ်တဲ့အရာမျိုး မဟုတ်ပါဘူး။

တကယ့်ရှိနေတဲ့ အဖြစ်တွေ

'ဥပမာ-မောင်ဖြူဆိုတဲ့ လူတစ်ယောက်ကို မောင်ဖြူ-လို့ ကိုယ်က သိနေရတာမှာ မောင်ဖြူဆိုတဲ့ အရာကလေးဟာ ပါးစပ်ဖျားတင် ပျောက်ပျက်တာမျိုး မဟုတ်ပါဘူး။တကယ့် မောင်ဖြူကြီး တန်းလန်း ရှိနေတာပါ။

'အိုး၊ခွက်၊ပန်းကန်ဆိုလျှင်လည်း အိုး၊ ခွက်၊ ပန်းကန်လို့ ပါးစပ်ဖျားတင် ဖြစ်ပြီး-ပျက်သွားတာမျိုး မဟုတ်ပါဘူး။ တကယ့် အိုးတွေ၊ ခွက်တွေ၊ ပန်းကန်တွေ ရှိနေတာပါ။

သည်လိုပဲ 'ငါ'-ဆိုတာလည်း တကယ်ရှိနေတာပါ- ဆိုပြီး၊ 'ငါ'-တကယ်ရှိပုံကို ရှင်းပြလိုက်ပါတယ်။

'ငါ'-ဆိုတာ အသွေးကို ခေါ်တာလည်း မဟုတ်ဘူး။ အသားကို ခေါ်တာလည်း မဟုတ်ဘူး။ အရိုးကို ခေါ်တာလည်း မဟုတ်ဘူး။ အရေကို ခေါ်တာလည်း မဟုတ်ဘူး။ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော တစ်ခုချင်းကိုလည်း 'ငါ'-ခေါ်တာ မဟုတ်ဘူး။

'ဒါတွေ စုပေါင်းဖွဲ့စည်းလို့ ဖြစ်လာတဲ့ ကြိယာဝိသေသနဆိုတဲ့ အမူအရာထူးလေးတစ်ခုကို 'ငါ'-လို့ ခေါ်တာ ဖြစ်တယ်'-လို့ ဆိုပြီး ရှင်းပြလိုက်ပါတယ်။

'ဥပမာ-ဆေးလိပ်ဆိုလျှင် ဆေးရိုးကို ဆေးလိပ်လို့ခေါ်တာလည်း မဟုတ်ဘူး။သနပ်ဖက်ကို ဆေးလိပ်လို့ ခေါ်တာလည်း မဟုတ်ဘူး။ အစီခံကို ဆေးလိပ်လို့ ခေါ်တာလည်း မဟုတ်ဘူး။

ဆေးရိုးတွေ၊ သနပ်ဖက်တွေ၊ အစီခံတွေကို စနစ်တကျစုစည်းပြီး ထူးထူးခြားခြား သည်ပုံသဏ္ဌာန်ဖြစ်ပေါ်လာတဲ့ ကြိယာ(သည်ကြိယာကဘာဝကလေး) သဘာဝကလေးကိုမှ 'ဆေးလိပ်'-လို့ခေါ်တာ ဖြစ်တယ်။ သဘာဝကိုကျတော့ အမြင်နည်းကြတယ်။

'သစ်ပင်'ဆိုတာ အစိတ်၊ 'တော'ဆိုတာ 'အပေါင်း'

'တော'-ကို ရှာပါဆိုလျှင် 'သစ်ပင်'-ကိုပဲ တွေ့တွေ့နေတယ် မဟုတ်လား။ 'တော'-ကိုပြပါဆိုလျှင် 'သစ်ပင်'ကိုပဲ ပြပြနေမိတတ်တယ်ကြတာပဲ။ တကယ်ဆိုတော့ 'တော'ဆိုတာ 'သစ်ပင်တွေရဲ့ အစုအဝေး' မဟုတ်လား။

သစ်ပင်နဲ့ကင်းပြီး 'တော'ဆိုတာ မရှိနိုင်ဘူး။ ဒါပေမဲ့ သစ်ပင်ဟာ 'တော'လည်း မဟုတ်ဘူး။ သစ်ပင်တစ်ပင်တည်းသာရှိလျှင် 'တော'လို့ ခေါ်နိုင်ပါဦးမလား၊ သစ်ပင်နဲ့ကင်းပြီး 'တော'မဖြစ်ပေမဲ့ 'သစ်ပင်'ကို 'တော'-လို့ ပြောလို့မရပြန်ဘူး။

သည်လိုဆိုလျှင် 'တော'ဆိုတာ တကယ်မရှိဘူးလား၊ တကယ်ရှိနေတာပဲ။

ဒါဆို ‘တော’ဆိုတာ ဘာလဲ-ဆိုလျှင် ‘သစ်ပင်တွေစုပြီး တည်ဆောက်ထားလို့ ဖြစ်ပွားနေတဲ့ ဝိသေသပေါ့။‘တော’ဆိုတာ ‘ကြိယာဝိသေသ’တစ်ခုပေါ့။

ဒါကို နက်နက်နဲနဲ မတွေးတတ်တော့ တကယ်အရှိလို့ မမှတ်ချင်ကြတော့ဘူး ဖြစ်သွားတာပါပဲ။

‘တော’-ဆိုတာ မရှိဘူး။ သစ်ပင်ပဲရှိတယ်လို့ လုပ်တတ်ကြတယ်။ ‘အပေါင်း’-ကို ’အစိတ်’-နဲ့ ပြန်ဖျက်ကြတာပေါ့။ ‘တော’က အပေါင်း၊ ‘သစ်ပင်’က အစိတ်။ ‘သစ်ပင်’ဆိုတဲ့ အစိတ်ကိုပဲကြည့်လိုက်တော့ ‘တော’ ဆိုတဲ့အပေါင်းဟာ မမြင်ရတော့ဘူး ဖြစ်သွားတာပေါ့။ သည်လိုနဲ့ ‘တော’ ဆိုတာ မရှိဘူး လုပ်ပစ်လိုက်ကြတာပါပဲ။

‘ငါ’ရှိတယ်ဆိုတဲ့ နောက်မှာ

ဆိုလိုတာက ‘သမုတိသစ္စာ’-ဆိုတဲ့ အကြောင်း။ သမုတိသစ္စာ အရှိကို လက်ခံဖို့အကြောင်း သူတို့ကို ပြောပြလိုက်ပါတယ်။ သူတို့က လည်း ရှေးက သူတို့ကောက်ပြတဲ့ တဏှာကို တို့က ငြင်းပယ်ထားတာ လည်း လက်ခံထားတာဆိုတော့ အခု ‘ငါ-ရှိတယ်’ဆိုတာကိုလည်း သိပ်မငြင်းဘဲ လက်ခံပေးကြပါတယ်။

အခု ‘ငါ-ရှိတယ်’-ဆိုတဲ့ ‘သမုတိသစ္စာအသိ’ကို သည်လောက် ခက်ခက်ခဲခဲ ပြောပြရပေမယ့် ‘ပရမတ္ထသစ္စာအသိ’ကိုတော့ ဘာမှသင်ပေးစရာ မလိုဘူး-လို့လည်း ပြောရသေးတယ်။ သာမန်မွေးကင်းစ ကလေးတွေတောင် ပူလျှင် ပူတယ်-လို့ သိတယ်။ အေးလျှင် အေးတယ်-လို့ သိ

တယ်။ စိတ်သဘာဝတွေကို အလိုလို သိတတ်ကြတယ်'-လို့ ပြောရပါ သေးတယ်။

နောက်- ဆက်ပြောတာကတော့-

တဏှာကို ကောက်ပြနိုင်ဖို့အတွက် 'ငါ'ရှိတယ် ဆိုတဲ့အကြောင်း ကို ကောက်ပြရုံနဲ့ မပြီးသေးဘူး။ 'ငါရှိတယ်' ဆိုတဲ့နောက်မှာ နောက်တစ် ချက် ကောက်ပြတာကိုလည်း လက်ခံနိုင်ဦးမှ တဏှာကို ခင်ဗျားတို့ ကောက်နိုင်ကြလိမ့်မယ်'လို့ ပြောပြလိုက်တော့-

'သိပ်ကို ပြောနိုင်တဲ့ ဘုန်းကြီးပဲ'-ဆိုပြီး မျက်နှာထားတွေနဲ့ သူ တို့က ပြောကြပြန်တယ်။ တို့ကလည်း ခပ်ပြောင်ပြောင်ပါပဲ။ ဆက်ပြီး ပြောရတယ်။

အယောင်ဆောင် 'ငါ'

'ငါ-ရှိတယ်'-ဆိုတဲ့အချက်ကို လက်ခံနိုင်တာနဲ့အတူ နောက်ထပ် တစ်ခုရှိသေးတဲ့ အချက်ကိုလည်း လက်ခံရလိမ့်ဦးမယ်။ အဲသည်တစ်ခုက လက်ခံနိုင်ဖို့ ပိုပြီးခက်ခဲသေးတယ်။

'ငါ'ဆိုတဲ့အပေါ်မှာ ဝင်ပူးပြီး 'မဟုတ်တဲ့အရာတစ်ခု'
က 'ငါ'-ယောင်ဆောင်ပြီး 'ငါ'-လုပ်နေတဲ့အရာ ကို
လည်း သိရလိမ့်ဦးမယ်'-

လို့ ပြောလိုက်တော့-

'ဟာ-ဘုန်းကြီးကလည်း လူကိုနှစ်ကိုယ်ခွဲရမလိုတောင် ဖြစ်နေ ပြီ'-လို့ ညည်းကြတယ်။

'ဟုတ်တယ်။
ပဉ္စမ'ငါ'- ရှိတယ်။နောက် 'ငါမဟုတ်ဘဲနဲ့ 'ငါ' လုပ်နေတဲ့ 'ငါ့ကိုယ်မှာ ပူးနေတဲ့ အကောင်တစ်ကောင်'၊ 'ငါ့ကို မှီနေတဲ့ အကောင်တစ်ကောင်'ရှိတယ်-
ဆိုတာကိုလည်း ခင်ဗျားတို့ သိရလိမ့်ဦးမယ်'-လို့လည်း ပြန်ပြောလိုက်ပါတယ်။

'တကယ်တော့ သည် အယောင်ဆောင် 'ငါ'ကိုလည်း ဘယ်သူမှမသိဘူး ဖြစ်နေကြတယ်။'ငါ့ကိုယ်ငါတောင် 'ငါ'-လို့ သိနေကြတာ မဟုတ်တော့၊ 'ငါ့'-ကိုမှီပြီး 'ငါယောင်ဆောင်'ထားတဲ့အကောင် ရှိပါသေးတယ်'-
လို့ ဆိုလိုက်တာဟာ ကဲလွန်းသလို ဖြစ်မသွားဘူးလား။ တကယ်လည်း ကဲလွန်းတယ်လို့ ထင်သွားကြပါတယ်'။

ဒါနဲ့ သေသေချာချာ ပြန်ပြောရပါတယ်။

'အယောင်ဆောင်-ငါ'-ဆိုတာလည်း တကယ်ရှိနေပါတယ်။ မြတ်စွာဘုရားက__

'အနတ္တ၊အနတ္တ'-လို့ပြောတာဟာ-'ငါ'ကို- 'ငါမဟုတ်ဘူး၊ အနတ္တဖြစ်တယ်'-လို့ဟောတာ မဟုတ်တဲ့အကြောင်း။ ဟောသည်'ငါ့'အပေါ်မှာပဲ၊ 'ငါ'လည်းမဟုတ်ဘဲနဲ့ 'ငါ-အယောင်ဆောင်'ပြီးတော့ 'ငါလုပ်နေတဲ့အကောင်'-ကိုသာ 'အနတ္တ''လို့ပြောတာ ဖြစ်တဲ့အကြောင်း။

ဒါကြောင့် 'အနတ္တကို ငြီးငွေ့ရမယ်'-ဆိုတာ 'ငါ'-ကို ငြီးငွေ့ရမှာမဟုတ်ဘဲ၊ 'ငါ-အယောင်ဆောင်'-ကိုသာ ငြီးငွေ့ရမှာဖြစ်တဲ့အကြောင်း'-ပြောပြလိုက်တယ်။

‘န အနတ္တ’သည် ‘နိရောဓ’

‘အယောင်ဆောင်-ငါ’-ကို အားမပေးတော့ဘူး။ မတည်ဆောက်တော့ဘူး-ဆိုလျှင် ‘အနတ္တ မဖြစ်တော့ဘဲ ‘အတ္တ’-ချည်း ကျန်ပါတယ်။ ‘ငါ’-ချည်း ကျန်ပါတယ်။ အဲဒါ ‘နိရောဓ’-ဆိုက်တာပဲ’-လို့ ပြောပြလိုက်တယ်။

တကယ်တော့ ‘အနတ္တ’-နဲ့စပ်လျဉ်းလို့ အဓိပ္ပါယ်တွေက အတော့်ကို မရှင်းမလင်းဘဲ ဖြစ်နေပါတယ်။ အခု အနတ္တကို ကောက်ပြနေတာနော်။ ‘ငါ့’-အပေါ်မှာ မှီပြီး၊ ‘ငါ’လည်း မဟုတ်ဘဲ၊ ‘ငါ-အယောင်ဆောင်’ပြီး ‘ငါ’လုပ်နေတဲ့အရာက ‘အနတ္တ’။

‘ဘုရားက ‘အနတ္တရှု၊ အနတ္တရှု-ဆိုတာ ‘သည်အနတ္တ’ ကို ပြောတာ။ ‘ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောတွေ။ အစိုးမရတာတွေကို အနတ္တဆိုပြီး ရှုခိုင်းတာ မဟုတ်ဘူး’။

နည်းနည်း ကြိုးစားရဦးမယ်

‘ငါ’-တို့အပေါ်မှာ ‘ငါ’-တို့လည်း မဟုတ်ဘဲနဲ့၊ ‘ငါ’-တို့ လုပ်ပြီးသကာလ ‘အယောင်နေတဲ့ အကောင်တစ်ကောင်’ ရှိတယ်။ တို့ကို မှီနေတဲ့ တို့ရဲ့အပြင်အပကြီး၊ သူစိမ်းသူရံစာကြီးပေါ့။ ‘တို့’မဟုတ်တဲ့ အကောင်ကြီးပေါ့။

‘တို့’-မဟုတ်တဲ့ အကောင်ကြီးက ‘တို့‘-ယောင်ဆောင်ပြီး ‘တို့’-ကို ပူးကပ်နေတာ ရှိတယ်။ ‘အပမှီတယ်’-လို့ ပြောချင်လည်း ပြောပေါ့။ ‘ပယောဂ ဝင်တယ်’-လို့ ပြောချင်လည်း ပြောပေါ့’။

ဆိုလိုတာက 'တို့'-လည်း မဟုတ်ဘူး။ 'တို့'မ-ဟုတ်ဘဲနဲ့ 'တို့'-အယောင်ဆောင်ပြီး၊ 'တို့'-အထဲမှာ မှီခိုပြီးနေတဲ့ အကောင်တစ်ကောင်ရှိတယ်။ 'ဒါကြီးကို ဘယ်သူမှ မသိဘူး၊ ဘယ်သူမဆို ဒါကြီးကို ကိုယ့်ကိုယ်လို့ပဲ ထင်နေကြတယ်'။ ဒါက မြင်ဖို့ရန် အလွန်ခက်ခဲပါတယ်။

'ပြည်မြို့ကလူတွေလည်း သည်လိုပြောလိုက်တော့ မြင်အောင်နည်းနည်း ကြိုးစားရဦးမည့်ပုံပါပဲ။ ဒါကို မမြင်လျှင်လည်း တရားရဖို့ကဖြစ်ကို မဖြစ်နိုင်ဘူး။ ဒါကိုမြင်အောင် တကယ်စဉ်းစားကြည့်လျှင်တော့လည်း သိနိုင်ပါတယ်"။

အပတစ်ခု မှီနေတာ

'ကျုပ်တို့ တစ်ခုခုနဲ့ တိုက်မိတယ် ဆိုပါစို့။

ဥပမာ-အုတ်နံရံနဲ့ ဦးခေါင်းနဲ့ ဆောင့်မိတယ်ဆိုလျှင် ကျုပ်တို့ခေါင်းကြီး ဖူးယောင်လာမှာနော်။ လက်သီးဆုပ်လောက် ဖူးယောင်လာပြီဆိုလျှင်-အဲသည် လက်သီးဆုပ်လောက် ဖူးယောင်လာတာဟာ ကျုပ်တို့လား၊ ဒါမှမဟုတ် ကျုပ်တို့ မဟုတ်ဘူးလား။

'သည် ဖူးယောင်လာတာကြီးက 'ကျုပ်တို့'-ဆိုလျှင် 'အမြဲ ရှိနေရမှာ'-နော်။ တကယ်တော့ တိုက်မိ၊ ဆောင့်မိမှ ဖြစ်ပေါ်လာတာ မဟုတ်လား။

မတိုက်မိခင်၊ မဆောင့်မိခင်က မရှိပါဘူး။ တိုက်,ဆောင့်မိပြီးတော်တော်ကြာသွားတော့လည်း ပျောက်သွားပြီး၊ မရှိတော့ဘူး။ သည်လိုဆိုလျှင် အဲသည် ဖူးယောင်တာကြီးဟာ 'ငါတို့ မဟုတ်တာ' သေချာတယ်။ ဒါဟာ စဉ်းစားစရာပေါ့"။

'ဒါဟာ ဘာတုန်း-လို့ မေးလျှင်၊ ဒါဟာ 'ပယောဂ' မဟုတ်ဘူးလား။ အရာတစ်ခုကြောင့် ဖြစ်ပွားတဲ့ ဖုကြီးဆိုတော့ ဒါဟာ 'ပယောဂကြီး'လို့ပဲ ပြောရမှာ ဖြစ်တယ်။ 'တို့'ကို မှီပြီး ဝင်လာတဲ့အရာကြီး၊ 'တို့'ထဲကို ဝင်လာတဲ့အရာကြီး။ ဒါကြီးဟာ 'တို့-မဟုတ်ဘူး'။

'အစားအသောက်မှာပဲ ဖြစ်ဖြစ်၊ အနေအထိုင်မှာပဲ ဖြစ်ဖြစ်။ မသင့်မမြတ် မှီဝဲမိတဲ့အခါ မျက်နှာမှာ ရောင်အမ်းလာတယ် ဆိုပါစို့။ ဘေးက လူတွေက ပြောကြတယ်။

'မင်းမျက်နှာ နကိုယ်အတိုင်း မဟုတ်တော့ဘူး။ ကွဲနေတယ်၊ ဖောနေတယ်'-စသည်ဖြင့် ပြောကြတယ် မဟုတ်လား။

ဒါဟာ ဘာကိုပြောတာလဲဆိုလျှင် ပကတိ သွေးတို့,လေတို့ မဟုတ်ဘဲ၊ ပယောဂက ကိုယ့်ရဲ့ကိုယ်ထဲကို ဝင်လာလို့ မျက်နှာကွဲလာ, ဖောရောင်လာတာ မဟုတ်လား။

အဲသည်လို ကွဲနေတဲ့၊ ဖောရောင်နေတဲ့ မျက်နှာဟာ 'ကိုယ့်မျက်နှာ မဟုတ်ဘူး'-လို့ ပြောရမှာပဲ မဟုတ်လား၊ သည်လို အပတစ်ခုခု မှီနေတာ ဖြစ်ပါတယ်။

'အပဝင်နေတာတွေ လူတွေမှာ ရှိကြပါတယ်။ရှိနေတဲ့အကြောင်းကိုလည်း အရှည်ကြီး ပြောပြပါတယ်။ သည်နေရာမှာတော့ သိပ်အရှည်ကြီး မပြောကြပါစို့နဲ့။ ပင်မစကား ပျောက်သွားပါ့မယ်။

နှစ်ကိုယ်ခွဲ

တဏှာရာဂကို အရကောက်ဖို့အတွက် ဘာကိုသိရမလဲ- ဆိုလျှင်-

‘ငါ-ရှိတယ်’-ဆိုတဲ့အချက်ကို ပဌမ လက်ခံရပါ့မယ်။ ဒါပေမဲ့ ‘ငါ-ရှိတယ်’-ဆိုတာကို လက်ခံရုံလောက်နဲ့ တဏှာရာဂကို အရ မကောက်နိုင်သေးဘူး။ ‘ငါ’ဆိုတာအပြင် ‘ငါ’-မဟုတ်ဘဲ ‘ငါ’-အယောင်ဆောင်နေတဲ့အရာကိုလည်း ရှိနေသေးတာကို လက်ခံရလိမ့်မယ်’ -စသည်ဖြင့် တို့က ပြောတယ်။

ဒါပေမဲ့ အဲသည်အကောင်က ခင်ဗျားတို့ကို ဝင်ပူးနေတဲ့အတွက် ခင်ဗျားတို့က အဲသည်အကောင်ကို သူစိမ်းသူရံစာလို့ မထင်ကြဘူး။ အပြင်ပယောဂလို့မထင်ကြဘူး။ ‘ခင်ဗျားတို့ပဲ’လို့ ထင်နေကြတယ်။

‘တကယ်တော့ အဲသည်အကောင်ဟာ ‘အနတ္တကောင်’- ဖြစ်တယ်။ ‘အနတ္တကောင်’ဟာ ‘အတ္တကောင်’-မဟုတ်ဘူး။ ခင်ဗျားတို့ကသာ ‘အတ္တကောင်’ ဖြစ်ပါတယ်။

> ‘ဒါပေမဲ့ အနတ္တကောင်က သူ့ကိုယ်သူ ‘အတ္တကောင်’ ပါလို့ အယောင်ဆောင်ထားတဲ့အတွက် အနတ္တကောင်ကို ခင်ဗျားတို့ မမြင်ကြဘူး ဖြစ်နေကြတယ်’။
> သည်လိုမျိုး တို့က ပြောဟောလိုက်တယ်”။

တကယ်တော့ ဒါတွေဟာ သိပ်ခက်ခဲတာတွေပါ။ မင်းနဲ့ စပြီး ပြောခဲ့တုန်းက စကားလုံးအနက်တွေဟာ သိဖို့ ခက်ခဲတယ်ဆိုတာ၊ ဒါကို ပြောလိုရင်း ဖြစ်တယ်။

'ပရမတ္ထသစ္စာ'နဲ့ 'အနတ္တ'၊ 'အနတ္တ'နဲ့ 'ပရမတ္ထသစ္စာ'၊
နောက်တခါ 'အနတ္တ'နဲ့ 'ဗုဒ္ဓ'၊ 'ဗုဒ္ဓ'နဲ့ 'အနတ္တ'၊
သည်လို ခွဲခြားမရအောင် ဖြစ်နေတယ်။

တို့ကလည်း သူတို့ကို ပြောရပါတယ်။ ဘာ ပြောရသလဲဆိုတော့ 'တကယ်တော့ ခင်ဗျားတို့ရှိတယ်-ဆိုတဲ့ အကြောင်းကို ပဌမ သိအောင် လုပ်ရပါမယ်။ ခင်ဗျားတို့ရှိပြီ-ဆိုမှ တဏှာကို အရကောက်လို့ရမယ်'။

'နောက်တခါ ခင်ဗျားတို့ကိုယ်ကို 'ရှိပြီးပြီ'-ဆိုတောင်မှ ခင်ဗျားတို့ 'ရှိပြီး'ရုံနဲ့ တဏှာကို အရကောက်လို့ မရသေးဘူး။ ခင်ဗျားတို့အပေါ်မှာ ခင်ဗျားတို့ မဟုတ်ဘဲနဲ့၊ ခင်ဗျားတို့အယောင်ဆောင်ပြီး နေနေတဲ့ အကောင်ကိုလည်း သိပါဦးမှ တဏှာကို အရကောက်လို့ရမယ်'-လို့ သည်လို ပြောလိုက်ပါတယ်။

'ဟ-ဘုန်းကြီးရ၊ တပည့်တော်တို့က တပည့်တော်တို့ ရှိအောင်တောင် မနည်းလုပ်ယူရတာ။ တပည့်တော်တို့မဟုတ်တဲ့ တပည့်တော်တို့ အယောင်ဆောင်ပြီး တပည့်တော်တို့လိုလို လုပ်နေတဲ့ အကောင်တစ်ကောင် ရှိသေးတယ်-ဆိုတော့၊ တပည့်တော်တို့ကိုယ်ကို နှစ်ကိုယ်ခွဲရမလိုတောင် ဖြစ်နေပြီ။ ခက်တော့တာပဲ'-လို့ သူတို့က ပြန်ပြောကြတယ်။

အတ္တကို ဆိုက်ရောက်စရာအဖြစ် ဟောခဲ့တယ်

‘တကယ်တော့ တို့က အနတ္တရဲ့အနက်ကို ညွှန်းပြီး၊ ပြောလိုက်တာ ဖြစ်တယ်။ အလျှင်တုန်းက သိနေတာက-

‘တစ်ကိုယ်လုံးကြီးက အနတ္တ၊ ငါ-မရှိဘူး။ ကိုယ်မရှိဘူး’-ပေါ့ကွာ။ တို့ကတော့ အဲသည်လို မဟုတ်ဘူး။

‘ငါ- ရှိတယ်။ ကိုယ် ရှိတယ်။ နောက်ပြီး ငါ-မဟုတ်
တာလည်း ရှိသေးတယ်။ ကိုယ်မဟုတ်တာလည်း ရှိ
သေးတယ်။‘ငါ-မဟုတ်တာ၊ ကိုယ်မဟုတ်တာ‘အနတ္တ’
ဆိုတော့ ‘အတ္တ’လည်း ရှိတယ်’-လို့ ပြောလိုရင်းပါ။
ဘုရားက ‘အနတ္တ’လည်း ဟောပါတယ်။
အနတ္တကလွတ်တဲ့ ‘အတ္တ’လည်း ဟောပါတယ်။
ဘာဖြစ်လို့လည်းဆိုလျှင် သစ္စာလေးချက်မှာ-
‘ဒုက္ခအရိယသစ္စာက ‘အနတ္တ’-ပဲ။
‘နိရောဓအရိယသစ္စာက ဒုက္ခရဲ့ဆန့်ကျင်ဘက် မဟုတ်လား။

သည်လိုဆိုလျှင် နိရောဓဟာ ဒုက္ခရဲ့ဆန့်ကျင်ဘက်ဆိုလျှင် ‘ဒုက္ခ’ကလည်း ’အနတ္တ’ဆိုတော့ ‘နိရောဓ’ဟာ ‘အနတ္တ’ရဲ့ ဆန့်ကျင်ဖက် ဖြစ်ရမှာပေါ့။

‘အနတ္တ’ရဲ့ ဆန့်ကျင်ဘက်ဟာ ‘အတ္တ’မဟုတ်လား။

ဒါကြောင့်-

‘ဗုဒ္ဓဟာ ‘အနတ္တ’ချည်း ဟောတာမဟုတ်ဘူး။ ‘အတ္တ’လည်း ဟောတယ်-လို့ ပြောရပါလိမ့်မယ်။

ဒုက္ခအရိယသစ္စာဟာ ‘ပိုင်းခြားသိရမည့် သစ်န်းစာ’။ သစ်န်းစာယူရမယ့်ပစ္စည်း မဟုတ်လား။

သည်တော့ 'ဒုက္ခအရိယသစ္စာ'ဟာ 'အနတ္တ'-ဖြစ်တယ် ဆိုလျှင်၊ 'အနတ္တ'ဟာလည်း သင်္ခန်းစာယူဖို့ မြတ်စွာဘုရားက ဟောခဲ့တဲ့ပစ္စည်း။

'သည်လိုဆိုလျှင် ဘုရားက အဲသည်'အနတ္တ'-ကို 'ဒုက္ခ'-အဖြစ် သင်္ခန်းစာယူလိုက်တဲ့အတွက် အဲသည်'အနတ္တ'-အပေါ်မှာ ပျင်းမုန်း,ငြီး ငွေ့သွား၊ စက်ဆုတ်သွားပြီး အာလယ မရှိတော့ဘူး။ သမုဒယကွာသွား တယ်လို့ ပြောရမှာပေါ့။

သည်လို သမုဒယကွာသွားတော့ 'နိရောဓဆိုက်တယ်' လို့ ပြောရမှာ မဟုတ်လား။

'နိရောဓ'ဆိုတာ 'ဒုက္ခ'ဖြစ်တဲ့ 'အနတ္တ'ရဲ့ ဆန့်ကျင်ဘက်ဆိုလျှင် တော့ 'နိရောဓဆိုတယ်'ဆိုတာ 'အတ္တဆိုက်တာ' မဟုတ်လား။

သည်လိုဆိုလျှင် ဗုဒ္ဓဟာ 'အတ္တ'ကို 'ဆိုက်စရာပစ္စည်း'-အဖြစ် ဟောခဲ့တယ်-လို့ ဆိုရမှာပေါ့။

တို့သိနေတာက 'အနတ္တ'မှ 'အနတ္တ'။ 'အတ္တ'-ဆိုလျှင် လာကို မလာနဲ့။ တကယ်ကတော့ ဗုဒ္ဓက 'အနတ္တချည်း' ဟောခဲ့တာ မဟုတ်ဘူး။ 'အတ္တ'-ကိုလည်း ဟောကြားခဲ့တာပါ။

'အနတ္တ'-ကို ဘာအနေတဲ့ ဟောကြားခဲ့တာလဲ။
သင်္ခန်းစာယူစရာ ပစ္စည်းအနေနဲ့ ဟောကြားခဲ့တယ်။
'အတ္တ'-ကို ဘာအနေနဲ့ ဟောကြားခဲ့တာလဲ။
ဆိုက်ရောက်စရာ ပစ္စည်းအနေနဲ့ ဟောကြားခဲ့တယ်။
သည်လို ပြောလိုက်ချင်ပါတယ်။

အနတ္တလို့ ပြောရမှာ

“မဟာသတိပဋ္ဌာနသုတ်’ကို မောင်ရင်လည်း သိမှာပါ။ သင်ရိုးဆိုင်ရာအနေနဲ့တောင် လေ့လာဖူးမလား မသိဘူး။ တကယ်ကျတော့ သတိပဋ္ဌာန်ပွားတယ်ဆိုတာ အခြားမဟုတ်ပါဘူး။

ကိုယ့်ကိုယ်မှာ ဖြစ်ပွားနေတဲ့ ဖြစ်ပွားချက်တွေဟာ ‘အတ္တ’ရဲ့ လှုပ်ရှားမှုလား။

အနတ္တရဲ့ သင်ခန်းစာယူရမည့် ပစ္စည်းအနေနဲ့လှုပ်ရှားမှုလား။

‘အနတ္တ’ရဲ့ လှုပ်ရှားမှုဖြစ်လျှင် သင်ခန်းစာယူရမယ်။ သင်ခန်းစာယူတော့‘အနတ္တပေါ်မှာ အာလယကင်းမယ်။ ‘အနတ္တ’ရဲ့ မှီခိုမှုမပါဘဲ ‘အတ္တသက်သက်’ကလေးနဲ့ တည်နိုင်အောင် ကြိုးစားပြီး၊ ပညာနဲ့နေတဲ့လုပ်ငန်းကို ‘သတိပဋ္ဌာန်အားထုတ်တယ်’လို့ ပြောရတာ ဖြစ်တယ်။ တရားနဲ့နေတယ်လို့ ပြောရတာ ဖြစ်တယ်။

‘ဆိုလိုတာက ‘အနတ္တ’-တို့၊ ‘အတ္တ’-တို့ဆိုတာ ငါတို့ကိုယ်ပေါ်မှာ ဖြစ်နေတာ။ အမေမွေးပေးလိုက်တဲ့ တို့မျက်စိ၊ တို့နား အစစတွေနဲ့ မြင်နေ၊ ကြားနေတဲ့ဖြစ်ရပ်တွေဆိုလျှင် ဒါ ‘အတ္တ’ပဲ။

သည်အပေါ်မှာ တို့မျက်စိ၊ တို့နားကို မှီခိုပြီး တို့မျက်စိ၊ တို့နားနဲ့ မြင်တာ,ကြားတာမဟုတ်ဘဲနဲ့၊ မဟုတ်တာတွေ မြင်တာ, ကြားတာတွေလည်း ရှိနေပါတယ်။

‘စိတ်အထင်၊ စိတ်မြင်နဲ့ မြင်တာ,ကြားတာတွေ’ပေါ့။
ဒါတွေက တို့ကမြင်တာ,ကြားတာ မဟုတ်ဘူး။ ‘တို့-
မဟုတ်တဲ့အကောင်က တို့အယောင်ဆောင်ပြီး မြင်
ပေး,ကြားပေးနေတာ’။

ဒါကို ဘယ်လိုပြောမလဲဆိုလျှင်-
'ငါ-မဟုတ်တဲ့၊ ကိုယ်-မဟုတ်တဲ့ အနတ္တ'-လို့
ပြောရမှာ ဖြစ်တယ်။

တစ္ဆေပါတယ်

'တို့ကို ပူးကပ်ပြီးသကာလ မှီနေတဲ့အရာရှိတယ်။ တို့မဟုတ်ဘဲ တို့-အယောင်ဆောင်နေတဲ့အကောင် ရှိတယ်။သည်အကောင်ဟာ ပြောရမယ်ဆိုလျှင် 'တစ္ဆေပါတယ်' ဆိုတာမျိုး ဖြစ်တယ်။ 'အပမှီတယ်'-ဆိုတာမျိုး ဖြစ်တယ်။

'တစ္ဆေပါတယ်'-ဆိုတာကို ကြားဖူးမလား မသိဘူး။ တောရွာတွေမှာဆိုလျှင် 'တစ္ဆေပါတယ်'-ဆိုတာမျိုး ဖြစ်တတ်ကြတယ်။ ကလေးကို ရွာအပြင်ဘက် ခေါ်မသွားရဘူးလို့ လူကြီးတွေက တားမြစ်ကြပါတယ်။ ဟုတ်တယ်၊ ကလေးဆိုတာ တစ္ဆေပါတတ်ကြတယ်။

'ညနေ နေဝင်ရီတရောအချိန် ရွာအပြင်ဘက်သွားမယ်ဆိုလျှင် ကလေးကို ခေါ်မသွားကြနဲ့'-လို့ ပြောတတ်ကြတယ်။ ဘာဖြစ်လို့လည်းဆိုလျှင် ကလေးဟာ ပြန်လာလျှင် တစ္ဆေပါလာတတ်တယ်။ ဘယ်လို တစ္ဆေပါလာတတ်သလဲ-ဆိုလျှင် ကလေးဟာ ဇောချွေးတွေပြန်ပြီး၊ ကိုယ်အပူချိန်ဒီဂရီတွေ တက်လာတယ်။ ပြဒါးတိုင်နဲ့ တိုင်းကြည့်မယ်ဆိုလျှင်လည်း သူ့ပကတိအပူချိန်ဖြစ်တဲ့ ကိုးဆယ့်ရှစ်ဒသမလေး မကချင်တော့ဘူး။ တစ်ရာ၊ တစ်ရာ့တစ် ဖြစ်နေပြီ။

ဒါ ဘာဖြစ်တာလဲ။

တစ္ဆေပါလာတာပေါ့။

ဘယ်လို တဏှာပါလာသလဲဆိုလျှင် ရှာအပြင်ဘက်မှာ တဏှာဆို တဲ့ အကောင်ကြီးရှိနေရာက ကလေးနဲ့အတူ ရွာထဲကိုပါလာတာမျိုး ပြောတာမဟုတ်ဘူး။ ဒါဖြင့် ကလေးဟာ ပုံမှန်ဖြစ်နေသလား-ဆိုတော့ လည်း ပုံမှန်ဖြစ်မနေတော့ပါဘူး။ ဒါဟာ ဘာဖြစ်တာတုန်းဆိုတော့ 'အပတစ်ခု ဝင်လာတာ' ဖြစ်တယ်။ ဒါပေမဲ့ လူတွေထင်တတ်ကြတဲ့ တဏှာဆိုတဲ့အကောင်ကြီးလို အပမျိုးတော့ မဟုတ်ဘူး။

တကယ်တော့ ကလေးအနေနဲ့ မြင်ဖူးတာက ကိုယ့်အိမ်ကိုယ့် ယာထဲက အဖြစ်တွေလောက်ပဲ ဖြစ်ပါတယ်။ သည်လောက်သာမြင်ဖူး သေးတဲ့ ကလေးငယ်ကို ရွာအပြင်ဘက် ခေါ်သွားမယ်ဆိုလျှင် အချိန်က လည်း နေဝင်ရီတရောအချိန်၊ ရွာအပြင်ဖက် ကွင်းပြင်ကျယ်ကြီးကလည်း အကျယ်ကြီးဆိုတော့ ကလေးကလည်း သည်လို ကွင်းပြင်ကျယ်ကြီးတွေ မြင်ဖူးတာ မဟုတ်သေးဘူး။ သစ်ပင်ကြီးတွေကလည်း အရိပ်တွေက အ ရှည်ကြီးတွေ ဖြစ်နေမယ်။ ဒါတွေ မြင်လိုက်တဲ့အခါမှာ ကလေးရဲ့ဦးခေါင်း ထဲမှာ သူတွေ့ဖူး၊မြင်ဖူးနေတဲ့အရာတွေနဲ့ ခြားနားပြီး၊ စိတ်လှုပ်ရှားမှုတွေ ဖြစ်လာတယ်။ ကြောက်တာလန့်တာတွေ ဖြစ်လာတယ်။

သည်လိုဖြစ်လာလျှင် ကိုယ်အပူချိန်ကလည်း တက်လာမှာပဲ မ ဟုတ်လား။ သည်လိုဖြစ်တာကို 'တဏှာပါတယ်'-လို့ပြောရတာ ဖြစ်တယ်။ 'အပမှီတယ်'-ပြောရတာ ဖြစ်တယ်။

(သဘောက ကလေးရဲ့ နကိုယ်စိတ်ထဲမှာ ပြင်ပက အမြင်,အ ကြားကြောင့် အဲဒါကိုစွဲလန်းပြီး ကြောက်လန့်စိတ် ဖြစ်လာတာကို အပမှီ တယ် ခေါ်တာဖြစ်တယ်)။

ဆေးလိပ်က ပြန်သောက်တာ

တကယ်မှာတော့ တို့တတွေမှာလည်း 'အပမှီ'-တတ်ကြပါတယ်။ ကလေးတွေမှ အပမှီခံရတာ မဟုတ်ပါဘူး။ လူကြီးတွေလည်း 'အပမှီ' ခံရတာ ဖြစ်တယ်။ လူကြီးဖြစ်ပေမဲ့လည်း သူကြောက်တဲ့ အာရုံတစ်ခုခုကို ဖြစ်စေ၊ သူမက်တဲ့အာရုံ တစ်ခုခုကိုဖြစ်စေ တွေ့လာခဲ့လျှင် အဲသည်အာရုံကို တစွဲလန်းလန်းဖြစ်ပြီး၊ ကိုယ့်စိတ်ထဲမှာ မထားတတ်၊ မသိုတတ်နဲ့ စိတ်လှုပ်ရှားမှုတွေ ဖြစ်တယ်မဟုတ်လား။ သည်လိုဖြစ်လာခဲ့လျှင် အဲဒါတွေက ကိုယ့်ကို 'အပမှီ'သွားတော့တာပဲ။

အဲဒါတွေက ကိုယ့်ကိုညှို့ငင်ပြီးသကာလ လှုပ်ရှားခိုင်းတော့တာပဲ။ သည်လိုလှုပ်ရှားခိုင်းလို့ လှုပ်ရှားရတာမျိုးကို ဘာလဲ-လို့မေးလျှင် 'အပမှီတယ်'-လို့ပဲ ပြောရပါလိမ့်မယ်။

'ငါ-မဟုတ်တဲ့အကောင်ကနေပြီး ငါ-ယောင်ဆောင်ပြီးသကာလ ငါ့-ကို ဝင်ပူးနေတာ'-လို့ ပြောရလိမ့်မယ်။

ဥပမာ-လူတစ်ယောက်ဟာ ဆေးလိပ်သောက်တယ် ဆိုပါစို့။ ဆေးလိပ်သောက်တဲ့ လူတစ်ယောက်ဟာ သောက်ပြီးလို့ ခဏကြာလျှင် ဆေးလိပ် ပြန်ဆာလာဦးမှာနော်။ သည်လို ဆေးလိပ်ဆာတာဟာ-

ဆေးလိပ်သောက်တဲ့လူက ဆာတာလား၊

ဆေးလိပ်က ဆာတာလား၊

သည်နှစ်ခုရှိတဲ့အနက် ဘယ်အရာက ဆာတာလဲ။

တကယ်လို့ ဆေးလိပ်ကို ဘယ်တုန်းကမှ မသောက်ဖူးဘူးဆိုလျှင် ဆေးလိပ် မငတ်ပါဘူး။ သောက်ဖူးပြီးမှ ငတ်တာပါ။ဒါဆိုလျှင်

ဆေးလိပ်ငတ်တာဟာ လူကငတ်တာလား၊ အလျှင်က သောက်ဖူးတာက ငတ်တာလား။

ငတ်လိုက်တာကလည်း ကိုယ်ကပဲ ငတ်ရတာ-ဆိုတော့ 'ကိုယ်ပဲ ငတ်တယ်'လို့ ထင်ရတာပေါ့။ ကိုယ်ငတ်တယ် ထင်ရပေမဲ့၊ တကယ်လို့သာ အလျှင်က တစ်ခါဘူးမျှ မသောက်ဖူးဘူးဆိုလျှင် ငတ်ပါ့မလား-ဆိုတော့ 'မငတ်တာ'-ကို တွေ့ရပါတယ်။

'သည်တော့ 'ငတ်တာ'-ကို ဘယ်သူဖန်တီးသလဲဆိုလျှင် 'ဆေးလိပ်'က ဖန်တီးတယ်-လို့ပဲ ပြောရပါလိမ့်မယ်။

သည်တော့ ဆေးလိပ်ငတ်တာဟာ 'ဆေးလိပ်က ပြုစား'လို့၊ 'ဆေးလိပ်ကပြုစားတာ ခံလိုက်ရ'လို့ ငတ်တာ-လို့ ပြောရမယ် မဟုတ်လား။ ဒါကြောင့်

'ဒုတိယအကြိမ် ဆေးလိပ်သောက်ခြင်း'ဟာ ငါက-သောက်တာလား၊ ဆေးလိပ်က-သောက်တာလား-လို့ မမေးသင့်ပေဖူးလား။

နောက်ထပ် ပြန်သောက်တဲ့အခါ ကိုယ့်ပါးစပ်ထဲထည့်ပြီး ကိုယ်ကပဲသောက်လိုက်တာ ဆိုတော့ 'ကိုယ်ကငတ်တာ'-လို့ ထင်စရာ ရှိပါတယ်။ ဒါပေမဲ့ တကယ့်တကယ်မှာတော့ 'ဆေးလိပ်က ပြန်သောက်တာ' လို့သာ ပြောရပါလိမ့်မယ်။

ဒါ ဘဝပဲ

စကားတောင် ရှိပါသေးတယ်။

'ပဌမတော့ အရက်ကို လူကသောက်တယ်။ နောက်ကျတော့ အရက်က လူကိုသောက်တယ်'-ဆိုတဲ့စကား။ သည်စကားဟာ အမှန်အကန်ပြောတဲ့စကားပဲ ဖြစ်တယ်။ တကယ်ကျတော့ အရက်တို့ ဆေးလိပ်တို့ ဆိုတာ အပြင်အပ ပစ္စည်းတွေ မဟုတ်ပါလားဗျာ။

သည် အပြင်အပပစ္စည်းတစ်ခုက အရှိန်ရလာပြီး၊ ကျုပ်တို့ကိုယ်ပေါ်မှာ လည်ပတ်မှုတစ်ခု၊ စက်တစ်ခု ဖြစ်သွားတယ်။ လည်ပတ်မှုတစ်ခု ဖြစ်သွားတော့ သူကပဲ သူ့ကို ပြန်သောက်တယ်။ ကိုယ်က သူ့အဖမ်းစားခံရပြီး၊ သူသောက်ခိုင်းတာ ခံနေရတယ်။ နောက်ထပ် ပြန်သောက်ရအောင် သူက 'သံသရာစက်ကွင်းတစ်ခု' လုပ်နေတယ်။ သည်လို ဆိုလိုတာပါ။

'သည်နေရာမှာ 'သံသရာစက်ကွင်း'-ဆိုတဲ့ စကားလုံးအသစ်ကလေးလည်း ဝင်လာပါတယ်။

အပဖြစ်တဲ့ အရာဝတ္ထုပစ္စည်းတစ်ခုက ဖမ်းစားပြီး၊ လူအပေါ်မှာ ပေါက်ပွားရှင်သန်တာ ဖြစ်တဲ့အတွက် ဒါကို 'သံသရာစက်ကွင်း'-လို့ ပြောရတာဖြစ်တယ်။

သံသရာစက်ကွင်းတင်မကပဲ သည်အရာကို ထူးထူးခြားခြား နောက်ထပ် စကားအသစ်တစ်ခုနဲ့ ပြောရလျှင် 'ဘဝ'လို့ ပြောရမယ်။ ဒါ 'ဘဝ'ပဲ"။

နတ္ထိဒါနိ ပုနဗ္ဘဝေါ

'ဘဝ'-ဆိုတာ သည် လူကိုယ်ကောင်ကြီးကို ပြောနေတာ မဟုတ်ဘူး။ သည် လူကောင်ကြီးအပေါ်မှာ မဟုတ်မဟတ် အရာတစ်ခုက ရှင်သန်ပေါက်ပွားနေ့ အဖြစ်ကိုသာ 'ဘဝ'-လို့ပြောရတာ ဖြစ်တယ်။ သည် လူကောင်ကြီးရဲ့ မွေးကနေ သေအထိကို 'ဘဝ'လို့ပြောရတာ မဟုတ ်ဘူး။

'လူ'-နဲ့ 'ဘဝ'၊အတူတူပဲလား'- လို့မေးလျှင် သာမန်ဗုဒ္ဓဘာသာဝင်တွေကတော့ 'အတူတူပဲ'-လို့ ပြောကြမှာပဲ။ တကယ်ကတော့-

'လူ'နဲ့ 'ဘဝ' အတူတူ မဟုတ်ဘူး။
'လူ'က 'လူ'ပဲ။
သည် 'လူ'အပေါ်မှာ ဘေးပစ္စည်းတစ်ခုခုကို စွဲငြိပြီး၊
အဲသည် 'ဘေးပစ္စည်းတစ်ခု'က 'ပူးကပ်ပြီး' ရှင်သန်
ဖြစ်ပွားနေတာကိုသာ 'ဘဝ'လို့ ပြောရတာ ဖြစ်ပါတယ်။

ဒါကြောင့် ဟို-မွေးကင်းစ ငယ်ငယ်နှောင်းနှောင်းလေးဆိုလျှင် 'ဘဝမရှိဘူး'-လို့ ပြောရလိမ့်မယ်။ 'လူ'-ရှိပေမဲ့ 'ဘဝ'မရှိသေးတဲ့ အနေအထားပေါ့။

ကိုယ့်ဖာသာကိုယ် လှုပ်လှုပ်ရှားရှားနဲ့ စကားတွေပြောလာပြီး၊ အလုပ်တွေလည်း လုပ်လာပြီး၊ စိတ်ကူးတွေလည်း ကူးလာပြီးမှ 'ဘဝ'က ဖြစ်လာတာပါ။

ဒါပေမဲ့ တရားဓမ္မတွေကို အမှန်အကန်အတိုင်း ကျင့်ကြံအား ထုတ်လိုက်ပြန်လျှင် အဲသည်'ဘဝ'-ဟာ ကုန်သွားပြန်ပါတယ်။ သည်လို 'ဘဝ'ကုန်အောင် လုပ်သွားနိုင်တဲ့ လူတွေဟာ 'လူ'ကောင်ကြီး ထင်လင်း ရှိနေလျက်က 'ဘဝမရှိ'-တော့တာပေါ့"။

'မြတ်စွာဘုရားဆိုလျှင် သည်စကားကို တော်တော် ပြောပါ တယ်။ ပဌမဆုံးဟောတဲ့ 'ဓမ္မစက္ကပဝတ္တနသုတ်'မှာ

'နတ္ထိဒါနိ ပုနဗ္ဘဝေါ'-တဲ့။

'ငါ့မှာ အခု ဘဝမရှိတော့ဘူး'-တဲ့။

'ဘဝ'-ဆိုတာ 'လူ'-ကိုပြောတာ မဟုတ်ကြောင်း၊ မြတ်စွာဘုရား ရဲ့စကားနဲ့ ထင်ရှားပါတယ်။'ဘဝ'ဆိုတာ 'ပယောဂပစ္စည်းတစ်ခု'သာ ဖြစ်ပါတယ်။

'လူအပေါ်မှာ မှီကပ်ပြီး 'စက်ယန္တရားခတ်ပြီး ဖြစ်,ပျက် နေတာ 'ဘဝ'ပါ"။

စိတ္တဇနဲ့ လုပ်တာတွေဟာ ဘဝတွေ

'ပြည်က လူတွေက-

'ငါ'-ရယ်၊

'ငါမဟုတ်ဘဲ၊ ငါ-အယောင်ဆောင်နေတဲ့အကောင်'ရယ်။

သည်နှစ်ခုရှိကြောင်း သိရမယ်'-လို့ တို့ကပြောတယ်။။

သည်အကြောင်းကို ရှည်ရှည်ဝေးဝေးကြီးကို ရှင်းပြလိုက်တယ်။ သူတို့ကလည်း နားထောင်ပေးကြပါတယ်။ နားမပေါက်ပေမဲ့ ထိုင်ရတာ

ကြာပြီဆိုတော့ ညောင်းတယ်နဲ့ တူပါရဲ့။ 'နားလည်ရဲ့လား'-ဆိုတော့ 'နားလည်ပါတယ်'-လို့ ပြောကြတယ်။

တကယ်ကတော့ 'ငါ'မဟုတ်ဘဲနဲ့ 'ငါ'-အယောင်ဆောင်နေတဲ့ အရာကို ပြတ်ပြတ်သားသား သိမြင်ဖို့ဆိုတာ တော်တော်ကြိုးစားရမည့် ကိစ္စ ဖြစ်ပါတယ်။

'ဒါနဲ့ အခု နားမလည်ကြသေးလည်း နောင်- တွေ့ကြဆုံကြတဲ့ အခါ ထပ်ပြီး မေးကြ,မြန်းကြဦးပေါ့ဗျာ'-လို့ ပြောရတယ်။

'သည်တော့ နောက်ဆုံး ခင်ဗျားတို့ကို ပြောချင်တာက-
'ခင်ဗျားတို့ လှုပ်ရှားတိုင်း၊ လှုပ်ရှားတိုင်း ခင်ဗျားတို့
ကိုယ်တိုင် လှုပ်ရှားတာလား၊ ခင်ဗျားတို့ မဟုတ်ဘဲ
ခင်ဗျားတို့ အယောင်ဆောင်ပြီးနေတဲ့အရာက လှုပ်
ရှားတာလား-ဆိုတာ သိအောင် လုပ်ရမယ်'-လို့
ပြောလိုက်တယ်။
'ငါမဟုတ်တဲ့အကောင်'-ကို 'ဘာလို့ ပြောမလဲ။
"စိတ္တဇကောင်'လို့ ပြောရမယ်။
သည်တော့ အလုပ်တစ်ခု လုပ်တဲ့အခါမှာ-
'ကိုယ်က လုပ်တာလား၊ စိတ္တဇက လုပ်တာလား'၊
ဒါကိုသိဖို့ လိုအပ်လာတယ်။
'ငါ-က လုပ်တာလား၊ငါ-အယောင်ဆောင်က လုပ်တာလား'၊
ဒါကိုသိဖို့ လိုအပ်တယ်။

နှစ်ပိုင်း ခွဲရပါမယ်

အရက်သောက်နေကျ လူတစ်ယောက်အနေနဲ့-

'ငါ-က သောက်ချင်တာလား၊အရက်က သောက်ချင်တာလား'၊

ဒါကို ပြန်ဆန်းစစ်ရမယ်။ တကယ်ကတော့ 'အရက်က ပြန်သောက်ချင်နေတာ'သာ ဖြစ်ပါတယ်။

'အရက်က ငါ-လား'-လို့ မေးလျှင်၊ အရက်ဟာ ငါ-မဟုတ်ဘူး။

သည်လိုမျိုး 'ငါ-ရယ်'၊ 'ငါ-မဟုတ်တဲ့အကောင်ရယ်'-နှစ်ပိုင်းခွဲပြီး မြင်အောင် ကြည့်ရမယ်။

'ထမင်းစားတယ် ဆိုကြပါစို့။

'ငါ'-က စားတာလား၊ငါ-မဟုတ်တဲ့အကောင်က စားတာလား'၊

ဒါကိုသိအောင် လုပ်ရမယ်။ ဆိုလိုတာက-

'ဗိုက်ဆာလို့ စားတာလား၊အရသာခံချင်လို့ စားတာလား'၊

ဗိုက်ဆာလို့စားတာဆိုလျှင် 'ငါ'-က စားတာ ဖြစ်တယ်။ ပါးစပ်ဆာလို့ အရသာခံချင်လို့စားတာဆိုလျှင် 'ငါ-မဟုတ်တဲ့ အယောင်ဆောင်'က စားတာ ဖြစ်တယ်။ သည်လို နှစ်ပိုင်း ခွဲရပါမယ်။

သည်တော့ 'ပါးစပ်က ဆာတာ'ရယ်၊ 'ဗိုက်က ဆာတာ'ရယ်-လို့ စကားနှစ်မျိုး ရှိလာပါတယ်။ တို့မြန်မာစကားမှာတော့ မရှိဘူး။ လူမျိုးငယ်တွေမှာတော့ သည်စကားရှိတယ်။ 'ပါးစပ်ဆာတယ်ဆိုတာ စားစရာရှိတာကို အရသာခံချင်လို့ စားတာ'။

'တကယ်တမ်း လူမှာ အာဟာရဓာတ်လိုအပ်လို့ စားတာ မဟုတ်ဘူး။ အရသာခံနေကျမို့ စားချင်တာမျိုးသာ ဖြစ်တယ်။ ဗိုက်ဆာတယ်ဆို

တာကျတော့ ပါးစပ်ဆာတာနဲ့ မတူဘူး တကယ့်ကို ကိုယ်ကာယကြီးက လိုအပ်လာလို့ ဗိုက်ဆာလာတာ ဖြစ်တယ်။

'သည်တော့ လူမှာ'

'ငါ-ရယ်၊ ငါ-မဟုတ်တဲ့ အယောင်ဆောင် 'ငါ'ရယ်၊

သည်နှစ်မျိုး ရှိနေတာ ထင်ရှားပါတယ်။

သည် ထင်ရှားတာကို မြင်ပြီဆိုလျှင် ခင်ဗျားတို့ အရကောက်ချင်တဲ့ တဏှာကိုလည်း အရကောက်နိုင်ပြီ'-လို့ ပြောလိုက်ရတယ်။ သည်တော့ သူတို့ကလည်း 'ပြောပါတော့ ဘုရား'-လို့ ပြောကြတယ်။

လူအစစ်ကလိုချင်တာ တဏှာမဟုတ်ဘူး

'လိုချင်တယ်'-ဆိုတာမှာ သေးသေးမှုန်မှုန်လေး လိုချင်တယ်။ ဒါမှမဟုတ် မိုးလောက်ကြီး လိုချင်တယ်- စသဖြင့် ဒီဂရီအားဖြင့် အမျိုးမျိုး ရှိကြတယ်။ သည်လို 'လိုချင်တာ'မှာ-

'မိုးလောက်ကြီး လိုချင်တာဖြစ်ဖြစ် 'ငါ'(အစစ်)က
လိုချင်တာဆိုလျှင် 'တဏှာ' မဟုတ်ဘူး။ သည်လို
မဟုတ်ဘဲ သေးသေးမှုန်မှုန်လေး အနုမြူလောက်
ကလေး လိုချင်တာ ဖြစ်ပေမဲ့ 'ငါ'က လိုချင်တာ
မဟုတ်ဘဲ 'ငါ'မဟုတ်တဲ့ 'အယောင်ဆောင်-ငါ'က
လိုချင်တာဆိုလျှင်တော့ 'တဏှာ'ပဲ'-လို့ ပြောလိုက်ပါတယ်။

သည်တော့လည်း-

'အင်း- ဘုန်းကြီးက အရှည်ကြီးပြောမှ သိမယ် ဆိုတဲ့အတိုင်း တကယ်အရှည်ကြီးပြောမှ သိတော့တာပဲ'-လို့ သူတို့ဝန်ခံကြတယ်။

တကယ်တော့ တဏှာကိုသိဖို့ဆိုလျှင် 'ငါ'အစစ်နဲ့ 'ငါ'အတုကို ကွဲကွဲပြားပြားသိမှ ဖြစ်မှာ အမှန်ပဲ။ သည်နှစ်ခု မကွဲပြားဘူးဆိုလျှင် တဏှာကို ဘယ်လိုပြောလို့ရမလဲ။

'ငါ'အစစ်က လိုချင်တာဆိုလျှင် ဘယ်မျှလောက်
လိုချင်လိုချင် 'တဏှာ' မဟုတ်ဘူး။'ငါ'မဟုတ်တဲ့
အကောင်က လိုချင်တာဆိုလျှင် ဘယ်လောက်
သေးသေးမွှားမွှား လိုချင်စေကာမူ 'တဏှာ'ပဲ'။

ပယ်နေတာတွေ တင်းကြမ်းပြည့်

ကဲ-သည်တော့ တဏှာအရကောက်ကို ရကြပြီ မဟုတ်လား၊ ပြီပြီသသ ခွဲခြားလိုက်ရပြီ မဟုတ်လား သည်လို တဏှာကို ပြီပြီသသ ကွဲကွဲပြားပြား သိမြင်ပါမှ၊ တဏှာကို တို့ကသတ်နိုင်မှာ မဟုတ်လား။

'ငါ'အစစ်က လိုချင်တာတွေ သွားသတ်လို့ကတော့ သည်'ငါ'ကြီး ချိုတဲ့သွားမှာပဲ။ ဗိုက်ဆာလို့ ထမင်းစားချင်တာကို ဒါတဏှာပဲလို့ သွားသတ်လို့ကတော့ ဘယ်ရမလဲ။ အစာအာဟာရ ချို့တဲ့သွားမှာပေါ့။ ဗိုက်က ဝက်သားဟင်း စားချင်တယ်၊ ကြက်သားဟင်း စားချင်တယ်-ဆိုတာကို ဒါ တဏှာပဲ၊ မစားချင်နဲ့-ဆိုပြီး စားချင်တဲ့စိတ်ကို ပယ်သတ်လိုက်လျှင် အာဟာရချို့တဲ့မှုတွေ ဖြစ်လာမှာပေါ့။

သည်နေ့ တရားလောကမှာဖြင့် သည်လို ပယ်နေတာတွေဟာ တင်းကြမ်းပြည့် မဟုတ်လား။ သည်လို မပယ်ရမည့်ဟာကို ပယ်နေကြပြီး၊ ပယ်တဲ့အကျင့်ကိုပဲ တရားမှတ်နေကြတယ်။ အသားစားရှောင်တဲ့ အကျင့်ကို တရားလုပ်နေကြတာ မဟုတ်လား။ သက်သတ်လွတ်တို့၊ မီးလွတ်တို့၊ ဒါတွေကို တရားလုပ်နေကြတယ်။ ဒါတွေကို တရားမှတ်နေကြတယ်။ ဒါတွေကိုစားချင်တာ တဏှာဆိုပြီး ပယ်နေကြတယ်။

ဒေဝဒတ်ဂိုဏ်းသား

တို့ဆိုလျှင် လေး,ငါးနှစ်သားကတည်းက စပြီး အမဲသား မစားဘူး၊ ဝက်သားလည်း မစားဘူး၊ ကြက်သားလည်း မစားရတဲ့အဖြစ်ကို ရောက်ခဲ့ဖူးတယ်။ သည်လို မစားဘဲ နေတာကို တရား-လို့လည်း ထင်ခဲ့ဖူးတယ်။ တရားကျင့်တာလို့လည်း ထင်နေခဲ့တယ်။ ဒါကြောင့် အသားမစားဘဲနေတာကို ကိုယ့်ဟာကိုယ် အဟုတ်ကြီးထင်ပြီး၊ ဝမ်းသာခဲ့တယ်။ ပတ်ဝန်းကျင်ကလည်း လက်ခုပ်ဩဘာ ပေးကြတယ်လေ။

သည်လိုနဲ့ ဆယ့်ငါးနှစ်၊ ဆယ့်ခြောက်နှစ်လောက်မှာ မန္တလေးရောက်လာပြီး ဆရာတော်ကြီးတစ်ပါးနဲ့ အတူတူ နေခဲ့ရတယ်။ ဆရာတော်ကြီးကို သီလရှင်ကြီးတစ်ပါးက ချက်ပြုတ်ပြီး ဆွမ်းကပ်တယ်။ သည်လို ချက်ပြုတ်ရတဲ့အထဲမှာ ဝက်အူချောင်းတွေ၊ ဝက်သားတွေ၊ အမဲသားတွေလည်း ပါတာပေါ့။ မန္တလေးက ကျောင်းဒကာတွေက လှူတာတွေပေါ့။ သီလရှင်ကြီးက သူချက်တဲ့အသားဟင်းတွေကို ချန်ပြီး၊ တို့ကို ကျွေးလေ့ရှိတယ်။

တို့ကလည်း အသားမစားတာဆိုတော့ ငြင်းတာပေါ့။ ဘာတစ်ခုမှ မစားဘူး။ ရက်ပိုင်းအတွင်းမှာပဲ ဆရာတော်ကြီးက သိသွားတယ်။ သိသွားတယ်ဆိုလျှင်ပဲ မြည်တော့ တွန်တော့တာပေါ့။

'နင်ဟာ ဒေဝဒတ်ဂိုဏ်းသားလား၊ ဘုရားဂိုဏ်းသားလား'-တဲ့။ သည်တော့ တို့က 'ဘုရားဂိုဏ်းသားပါ'-လို့ ဖြေရတော့တာပေါ့'။

'ဘုရားနဲ့ ဒေဝဒတ် ဂိုဏ်းခွဲတဲ့အခါ ဒေဝဒတ်တောင်းတဲ့အချက်တွေ နင်မသိဘူးလား'-ဆိုတော့ တို့ကလည်း 'မသိဘူးဘုရား'-လို့ ဖြေလိုက်တယ်။

'ဒေဝဒတ်ကနေပြီး တောင်းတဲ့အချက်တွေထဲမှာ ရဟန်းတွေကို အသားမစားရဘူး-လို့ ပညတ်ပေးဖို့အချက် ပါတယ်ဆိုတာ မှတ်ထား။ အသားမစားတဲ့သူဟာ ဘုရားဂိုဏ်းသားလား၊ ဒေဝဒတ်ဂိုဏ်းသားလား'-ဆိုတော့ 'ဒေဝဒတ်ဂိုဏ်းသား ဖြစ်နေပါပြီဘုရား'-လို့။ တို့လည်း အဲသည်ကျမှ သဘောပေါက်သွားတော့တယ်။

## မင်္ဂလာဖျက်တဲ့သူ

နောက်ဆရာတော်ကြီးက ဆက်ပြောသေးတယ်။ 'သန္တုဋ္ဌိမင်္ဂလာကို နင်-ဘယ်လိုသိထားသလဲ?'-တဲ့။ 'သူများအိမ်သွားပြီး ဆွမ်းစားမယ်ဆိုလျှင် နင်က အသားမစားဘူးဆိုတော့ အိမ်ရှင်တွေမှာ နင့်အတွက် ဟိုဟာရှာရ၊ သည်ဟာရှာရ ပျာလောင်ခတ်မနေပေဘူးလား။ ဒါဆိုလျှင် သန္တုဋ္ဌိမင်္ဂလာကို စောင့်ထိန်းရာ ဘယ်ရောက်မလဲ။ နင်ဟာ မင်္ဂလာဖျက်တဲ့အကောင်' စသဖြင့် ဆရာတော်ကြီးက ပုဒ်မတွေ အများကြီးတပ်ပြီး၊ တို့ကို စွဲချက်တင်တော့တာပဲ။

တို့လည်း တခါတည်း အသားမစားတဲ့ ဒေဝဒတ်ဂိုဏ်းသား ဘဝကနေ ပြုတ်ထွက်သွားခဲ့တယ်။ ဒါပေမယ့် ချက်ချင်းတော့ အသား ပြန်မစားနိုင်ခဲ့ဘူး။ ဒါဟာရှောင်ရမည့်အရာ မဟုတ်ဘူး-ဆိုပြီး အသိပညာကလေးနဲ့ တဖြည်းဖြည်းကျင့်ရင်း အသက်နှစ်ဆယ့်ငါးနှစ်လောက်ရောက်မှ အမဲသားကို ပြန်စားနိုင်တဲ့အဆင့် ရောက်လာခဲ့တယ်။

တရားမဟုတ်တာကို တရားလုပ်ခဲ့တဲ့ အကျင့်ကလည်း ပယ်ဖို့ကျတော့ အခက်သားပဲ။

နားမလည်ဘူး ဆိုလျှင်တော့

ဆိုလိုတာက မြန်မာပြည်မှာ တရားမဟုတ်ဘဲ တရားလုပ်ပြီး၊ ကျင့်နေကြတဲ့ အသိုင်းအဝိုင်းက တော်တော်များတယ်။ သည်လိုဖြစ်တာဟာ-

'တဏှာမသိရာကနေပြီး တဏှာမဟုတ်တာကို တဏှာလုပ်ပြီး၊ အပယ်မှားရာက တရားတုတွေအထဲမှာ ဒုက္ခရောက်ရပုံပါပဲ။

တကယ်တော့ 'ငါ'အစစ်က စားချင်တာဆိုလျှင် ဝက်သား စားစား၊ ကြက်သား စားစား၊ တဏှာမဟုတ်ဘူး။ 'ငါမဟုတ်တဲ့အကောင်'-က စားချင်တာဆိုလျှင် ဟင်းသီးဟင်းရွက်ပဲ စားစား တဏှာပဲ။ သည်လိုသိရပါလိမ့်မယ်။

'ငါ'မဟုတ်တဲ့အကောင်က ဖုတ်ကောင်ပဲ ဖြစ်တယ်။

'ငါ'မဟုတ်တဲ့အကောင် စားချင်တာဟာ ဖုတ်ကောင်က စားချင်တာပဲ ဖြစ်တယ်။ သည်ဖုတ်ကောင်ကြီးက စားချင်နေတာကို သွားကျွေးမိ

လို့ကတော့ ဖုတ်သက်ရှည်နေမှာပဲ။သည် ဖုတ်ကောင်ကြီးက အသက်ပို ရှည်လေ မဟုတ်တာတွေ စားချင်လေ ဖြစ်မှာပဲ။

'တကယ် 'ငါ'အစစ်က ဘယ်တော့မှ မသရမ်းဘူး။ စားသင့်စား ထိုက်တာကိုပဲစားတယ်။ စားသင့်စားထိုက်တာကို စားချင်မှာ ဖြစ်တယ်။ ဝတ်သင့်ဝတ်ထိုက်တာကိုပဲ ဝတ်ချင်မှာ ဖြစ်တယ်။ အစစ လိုချင်တာမှန် သမျှ 'ငါ'အစစ်က လိုချင်တာဆိုလျှင် 'တဏှာ'မဟုတ်ဘူး။ 'ငါ'မဟုတ်တဲ့ အယောင်ဆောင်'ငါ'က လိုချင်တာမှန်သမျှကတော့ 'တဏှာ'ပဲ"။

ကဲ-စကားနက်ဆိုတာ သည်လို ပြီပြီသသ နားလည်အောင်လုပ် ဖို့ အရေးကြီးတယ်။ သည်လို အပြီအသနားမလည်ထားဘူးဆိုလျှင် ဗုဒ္ဓဘာသာဝင် ဖြစ်ရတဲ့အတွက် ဘာမှ အကျိုးမရဘဲ ဖြစ်သွားလိမ့်မယ် လို့သာ အသေအချာ မှတ်ထားပေရော့။

ဓမ္မဝိဟာရီ